မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၉ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇွန် ၂၇ရက်၊ သောကြာနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၆၆)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ချစ်ရဲ့ခေါ်သည်… လိုက်တော်မူခဲ့

ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအတည်ပြုပြီး နိုင်ငံတော်အာဏာလွှဲပြောင်းခြင်းသည်သာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ ထွန်းကားပြန့်ပွားရေးအတွက် ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးဖြစ်ကြောင်း ပြည်သူတွေက ယုံကြည်လက်ခံထားကြပါတယ်။ ဒါဟာ မြန်မာနိုင်ငံအတွက် မကွဲပြားမခြားနားဘဲ မှန်ကန်ဖြောင့်မတ်တဲ့ တစ်ခုတည်းသော အယူအဆဟာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ကိန်းဝပ်တည်ရှိနေလို့ပဲ ဖြစ်ပါတယ်။

လေ့လာသူတစ်ဦး၏ ဆောင်းပါး စာ - ၈ တွင် ဖတ်ရှုနိုင်ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက်၌ ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ လှူဒါန်းမှုဖြင့် အမှတ်(၇)အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်များ ဆောက်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြို့အင်္ဂါရပ်နှင့်အညီ ရာသီမရွေး သန့်ရှင်းသာယာလှပရေး ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်ဖြစ်ရေး ဆောင်ရွက် ပြန်လည်ရှင်သန်နိုင်သည့် အပင်များပြန်လည်ပျိုးပြင်စိုက်ပျိုး

ရန်ကုန် ဇွန် ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဇွန် ၂၄ ရက် နံနက် ၆ နာရီခွဲက တာဝန်ရှိသူများလိုက်ပါလျက် မြို့အင်္ဂါရပ်နှင့်အညီ ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးအတွက် ပြိုလဲသွားသော သစ်ပင်၊ သစ်ကိုင်းများ အပြီးသတ်ရှင်းလင်းနေမှု၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်နေမှု၊ တာမွေမြို့နယ် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးအတွင်း ရောင်းဝယ်ဖောက်ကားနေမှုနှင့် ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောက်လုပ်လှူဒါန်းထားသည့် ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

စာမျက်နှာ ၆ ကော်လံ ၁ ●

မြန်မာ့အလင်း သတင်းနှင့် ဆောင်းပါး အညွှန်း

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ဒေသများသို့ စေတနာခရီးတစ်ခေါက်



သန်းဇော်၏ သတင်းဆောင်းပါး စာ - ၁၂

ကိုယ်ဝန်ဆောင်စဉ်မိခင်များ ကိုယ်အလေးချိန်တိုးပါက မွေးဖွားလာသည့်ကလေးများ အဝလွန်မှုဖြစ်နိုင်

အင်တာနက်ကျန်းမာရေး စာ - ၅

ပင်လယ်နီကမ်းခြေရှိ အီရီထရီးယားနိုင်ငံ

တိုး၏ သတင်းအက်ဆေး စာ - ၅

တိမ်အသင့် အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် ဇွန် ၂၇ ရက်)

ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာ

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ မော်တော်ယာဉ်စီးရေနှင့် မော်တော်ယာဉ်သုံးစွဲမှုများလည်း များပြားလာလျက်ရှိသည်။ လူနေစည်ကားသည့် မြို့ကြီးများတွင် နေ့စဉ်လှုပ်ရှားသွားလာနေကြသည့် ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး လိုအပ်ပေသည်။

ယခုအခါ မြို့တွင်း၊ မြို့ပြင်လမ်းများ ကျယ်ဝန်းကောင်းမွန်လျက်ရှိရာ ယာဉ်မောင်းသူတချို့၏ ယာဉ်စည်းကမ်းချိုးဖောက်မှု၊ မဆင်မခြင်မောင်းနှင်မှုများကြောင့် ယာဉ်တိုက်မှု၊ တိမ်းမှောက်မှုနှင့် ယာဉ်မတော်တဆမှုများဖြစ်ပွားပြီး သေကျေထိခိုက်ဒဏ်ရာရရှိမှုများ မကြာခဏ တွေ့ကြုံနေကြရသည်။

အထူးသဖြင့် ခရီးသည်တင်ယာဉ်လိုင်းများနှင့် ကြို၊ ပို့ယာဉ်များ ယာဉ်အန္တရာယ်မဖြစ်ပေါ်စေရေး စည်းကမ်းရှိစွာ ပြေးဆွဲကြရန်လိုပေသည်။ ခရီးသည်တင်ယာဉ်များ မောင်းနှင်ရာတွင် ယာဉ်တစ်စီးနှင့်တစ်စီး အပြိုင်အဆိုင်မောင်းနှင်ခြင်း၊ မှတ်တိုင်များတွင် အချိန်ကြာမြင့်စွာ ပိတ်ဆို့ရပ်တန့်နေခြင်းနှင့် လမ်းကြောင်းမှားယွင်းစွာ ကျော်တက်ခြင်းစသည့် စည်းကမ်းဖောက်ဖျက်မှုများ မပြုလုပ်မိစေရန် ယာဉ်မောင်းသူများ အထူးသတိပြုကြရမည်ဖြစ်သည်။

ခြေကျင်လျှောက်သူများသည်လည်း သတ်မှတ်လူကူးမျဉ်းကျားမှ မကူးခြင်း၊ လူသွားစင်္ကြံမှ မသွားဘဲ စည်းကမ်းမဲ့စွာ ကားလမ်းပေါ်သို့ တက်လျှောက်ခြင်း၊ စည်းကမ်းတကျ လမ်းဖြတ်မကူးခြင်းတို့ကြောင့် ယာဉ်အန္တရာယ်များဖြင့် တွေ့ကြုံရလေ့ရှိသည်။

နှစ်စဉ်ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုများတွင် ယာဉ်မောင်းသူများ၏ မဆင်မခြင်မောင်းနှင်မှုများကြောင့် အများဆုံးဖြစ်လေ့ရှိသကဲ့သို့ လမ်းဖြတ်ကူးသူများ၏ ပေါ့ဆမှုနှင့် စက်ကိရိယာပိုင်း ချွတ်ယွင်းအားနည်းမှုများကြောင့်လည်း ဖြစ်ပေါ်ခဲ့ရကြောင်းသိရသည်။

ယာဉ်များ စည်းကမ်းနှင့်အညီ မောင်းနှင်ရေး၊ ခရီးသွားပြည်သူများ လူကူးမျဉ်းကျားနှင့် လူကူးခုံးကျော်တံတားတို့မှ လမ်းဖြတ်ကူးရေး အသိပညာပေးမှုများနှင့်အတူ ယာဉ်ကြောရှုပ်ထွေးမှုများ၊ အဓိကလမ်းမကြီးများတစ်လျှောက် ယာဉ်ကြောပိတ်ဆို့နေမှုများ လျော့နည်းရေးကို သက်ဆိုင်ရာက ဆက်လက် ကြပ်မတ်ဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ယာဉ်မောင်းသူများ၊ ခရီးသွားပြည်သူများနှင့် အနေးယာဉ်များကလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိနားလည်ပြီး အလေးထားလိုက်နာဆောင်ရွက်ခြင်းဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မရမ်းကုန်းမြို့နယ် သမိုင်းဝင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၂၆

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းရဲရန်အောင်လမ်း အမှတ် ၄၈နေ နှစ်ဖက်သောမိဘများအား ရည်စူး၍ ဦးရဲမြင့်-ဒေါ်တင်ဝင်း၊ သား မောင်သန်းဝင်း-မတင်နုနုအေး၊ သမီး မထက်ဦးခိုင်၊ မြေး မြတ်ဘုန်းအောင်မိသားစုက အလှူငွေကျပ် တစ်သိန်းငါးထောင့်ခြောက်ရာကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးဘချို၊ ဦးအေးမြင့်နှင့် ဦးဟံညွှန့်တို့က လက်ခံယူကြသည်။(အောက်ပုံ) (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၇-၆-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၁၅	၄။	မဟာဂီတ ချိုကြည်မြ
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၃၀	၆။	အမျိုးသားရေးတေးကဗျာ
၄း၄၀	၇။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၈။	အမျိုးသားရေးတေးကဗျာ
၅း၀၀	၉။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၃၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီ ရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၄။	စောင့်မျှော်ရူစား ကြိုးဝိုင်းစကား
၆း၄၅	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း -၃၇)
၈း၀၀	၁၇။	မြဝတီ ရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	စိုက်ပျိုးသုတ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဆန့်ကျင်ဘက်နှလုံးသား** (အပိုင်း-၂၂)

ချင်းပြည်နယ် မင်းတပ်မြို့ ပြည်သူ့ဆေးရုံ တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၆

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဟုန်းငိုင်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇွန် ၁၂ရက်က မင်းတပ်မြို့ ပြည်သူ့ဆေးရုံသို့သွားရောက်၍ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ(**အောက်ပုံ**) ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေကျပ်နှစ်သိန်းကို ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းပြီး ဆေးရုံဝင်းအတွင်း၌ စိုက်ပျိုးထားသည့် လက်ဖက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၆-၂၀၀၈ (သောကြာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**သောတာနုဂတသုတ်၊ သောတာပန်ဖြစ်ရန်အကြောင်း(၄)ပါး တရားတော်** (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၈း၁၀-၂း၁၀	Art Vision (လေဘေးရန်ပုံငွေ အထူးပန်းချီပြပွဲ)
၈း၃၀-၂း၃၀	တေးဂီတအစီအစဉ်
၈း၃၅-၂း၃၅	လူသားအားလုံးကျန်းမာရေး စဉ်ဆက်မပြတ်သွေးလှူပေး
၈း၅၀-၂း၅၀	International Video Topics ကမ္ဘာဦးက ဂြိုဟ်သားများ
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀-၃း၃၀	Breaking into a Run to Happiness
၁၀း၁၅-၄း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀-၄း၂၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၀း၃၀-၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅-၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀-၄း၄၀	အဆင့်မီရော်ဘာဖူးဆက် ပျိုးပင်ရရှိရေး
၁၀း၅၀-၄း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅-၄း၅၅	Shopping Guide (ရွှေနန်းတော်ဝင်ပိုးထည်နှင့် ချည်ထည်အမျိုးမျိုး)
၁၁း၂၀-၅း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁း၄၅-၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀-၅း၅၀	လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ (ငါးမှတ်ကြော်နှပ်ချက်)
၁၂း၀၅-၆း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀-၆း၁၀	ငွေကြေးကိစ္စမှန်သမျှ ဘဏ်ကိုသာအားကိုးကြ (ခန့်စည်သူ၊ ဖြိုးငွေစိုး၊ မင်းရာဇာ၊ ပုလဲဝင်း၊ သဇင်၊ ဖူးစုံ၊ အရိုင်း) ဒါရိုက်တာ-မြင့်စိုး (ဝ/သ)
၁၂း၃၅-၆း၃၅	The Game Guide (Spider Man) အပိုင်း(၁)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

သြဝါဒခံယူပွဲနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၆

ရန်ကုန်တိုင်းအတွင်းရှိ စာသင်တိုက် ၂၁၂တိုက် စာသင်သား နှစ်သောင်းကျော်တို့အား တစ်နှစ်လျှင်သုံးကြိမ် ဆွမ်းဆန်တော်လှူဒါန်းနေသော ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာ နုဂ္ဂဟဆန်လှူအသင်းကြီး၏ အကျိုးဆောင်များက (၁၃၇၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၁၁ရက်) ဇွန် ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အသင်းတိုက်ကြီး၌ သြဝါဒါစရိယ ဆရာတော်ကြီး ၁၁ပါးအား (၈၂)ကြိမ်မြောက် ဆွမ်းဆက်ကပ်လှူဒါန်း၍ သြဝါဒခံယူပြီး အမှုဆောင်များ၏ သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

(က-ပ)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ဖျော်ဖြေတင်ဆက်ပြသ

ရန်ကုန် ဇွန် ၂၆

၂၀၀၈ခုနှစ် ဇူလိုင်၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သော ဆယ့်နှစ်လရာသီ အလှစုံညီ မြင်သူရှုမဝ မြန်မာအမျိုးသမီးအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။

ကြည့်ရှုအားပေး

အဆိုပါ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ အတွင်းရေးမှူး အဖွဲ့ဝင်များ၊ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အဖွဲ့ချုပ်မှ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသူလေးများနှင့် မိဘပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ရှေးဦးစွာ ပြပွဲကို ဂီတစာဆို သျှန်ထွဏ်း(မြန်မာစာ) ရေးစပ်သီကုံးသော ဂုဏ်ယူစရာ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုတေးသီချင်းဖြင့် တေးသံရှင် ချောစုခင်က သီဆို၍ ဖွင့်လှစ်ပေးသည်။

သီဆိုဖျော်ဖြေ

ယင်းနောက် တေးသံရှင် ယဉ်ယဉ်ထွန်း၊ ဘိုဖြူ၊ စိုးစန္ဒာထွန်း၊ မေခလာ၊ ရဲလေး၊ ယုဇန၊ နိုင်းဝမ်း၊ ဝေလျှံ၊ အိမ့်ချစ်၊ ခင်မောင်တိုး၊ ရွှေရည်သိန်းတန်၊ ဂရေဟမ်၊ သီရိဂျေမောင်မောင်၊ ရဲအောင်၊ စိုင်းစိုင်းခမ်းလှိုင်တို့က တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

မြန်မာအမျိုးသမီးများနေ့

၂၀၀၈ ခုနှစ်၊ ဇူလိုင်လ (၃) ရက်

MYANMAR WOMEN'S DAY

3 rd July 2008

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သော ဆယ့်နှစ်လရာသီ အလှစုံညီ မြင်သူရှုမဝ မြန်မာအမျိုးသမီးအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ၊ အနုပညာရှင်များ၊ တေးသံရှင်များ၊ ဂျွန်လွင် ဦးစီးသော Star and Models Agency မှ မော်ဒယ်လေးများနှင့် မြဝတီရုပ်မြင်သံကြား လူရွှင်တော် ရွှေဖလားဆုရ လူရွှင်တော်များက မြန်မာတို့၏ ၁၂လရာသီပွဲတော်များအလိုက် ဖော်ကျူးထားသော ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ ဓလေ့ထုံးတမ်းများ၊ ရာသီပွဲတော်များနှင့် တေးသရုပ်ဖော်များကို သီဆိုကပြ တီးမှုတ်ဖျော်ဖြေ တင်ဆက်ကြသည်။

ထို့နောက် တေးသံရှင် ကာကာက မြန်မာအမျိုးသမီးအလှ တေးသီချင်းကို သီဆိုပြီး ပြပွဲကို အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

ဂုဏ်ပြုပန်းခြင်းပေးအပ်

ပြပွဲအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းထံ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေက ဂုဏ်ပြုပန်းခြင်းကို ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေအား ဂုဏ်ပြုဆုငွေ ကျပ်ငါးသိန်းကို ချီးမြှင့်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သော ဆယ့်နှစ်လရာသီ အလှစုံညီ မြင်သူရှုမဝ မြန်မာအမျိုးသမီးအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေအား ဂုဏ်ပြုဆုငွေကျပ်ငါးသိန်း ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ဆုရရှိသူများစာရင်းထုတ်ပြန်ကြေညာ

ရန်ကုန် ဇွန် ၂၆

၂၀၀၈ခုနှစ် ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က မြန်မာအမျိုးသမီးများ ကြိုးစားဆောင်ရွက် တိုင်းပြည်အတွက် ဟူသောခေါင်းစဉ်ဖြင့် ကျင်းပခဲ့သော ဆောင်းပါးပြိုင်ပွဲအတွက် ဆုရရှိသူများ၏ အမည်စာရင်းကို ပြိုင်ပွဲကျင်းပရေးကော်မတီက ယနေ့ထုတ်ပြန်ကြေညာသည်။

ဆုရရှိသူများ

ဆုရရှိကြသူများမှာ ပထမဆု မစောဣန္ဒာသက်မောင် (စောဣန္ဒာသက်မောင်)၊ ဒုတိယဆုများကို အလုပ်သင်ဆရာဝန် ချမ်းငြိမ်းသူ(အလုပ်သင်ဆရာဝန် ချမ်းငြိမ်းသူ)၊ ဒေါက်တာချိုချိုတင့် (မတင့်-မြန်မာစာ)နှင့် ဒေါက်တာနွယ်နွယ်စိုး(နွယ်လေး-မြန်မာစာ)၊ တတိယဆုများကို ဦးထွန်းထွန်းဝင်း (ခွန်ထီးငယ်-သမိုင်း)နှင့် မမြတ်သီရိမောင် (မမြတ်သီရိမောင်)တို့က ရရှိကြသည်။

ဆုရရှိသူများအား ၂၀၀၈ခုနှစ် ဇူလိုင် ၃ရက်တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှကျင်းပမည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား၌ ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

သတင်းပေးပို့

ဆုရရှိသူများသည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမှတ် ၁၃၂ သံလွင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း - ၀၁-၅၀၁၇၇၃နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီ အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၃၇၁၃၄၂ တို့သို့ ဇွန် ၂၈ရက် နောက်ဆုံးထား သတင်းပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ ခုနှစ် ဇွန်လအတွက်

နောက်ဆုံးပတ် (တနင်္ဂနွေနေ့)

(၂၉-၆-၂၀၀၈) ရက်နေ့

၂၀၀၈ ခုနှစ် ဇူလိုင်လအတွက်

(၁၃-၇-၂၀၀၈)ရက်နေ့ နှင့်

(၂၇-၇-၂၀၀၈) ရက်နေ့

ရသေ့တောင်မြို့နယ်သားများ ဝါဆိုသင်္ကန်းဆက်ကပ်ကြမည်

ရန်ကုန် ဇွန် ၂၆

ရန်ကုန်မြို့တွင် ဝါဆိုဝါကပ်ကြမည့် ရသေ့တောင်မြို့နယ်သား ကျောင်းထိုင်ဆရာတော် ၁၈ပါးအား မြို့နယ်သူ မြို့နယ်သားများ စုပေါင်းပြီး တာမွေမြို့နယ် အလိုတော်ပြည့်ကျောင်းတိုက်၌ ဇူလိုင် ၃ရက် (ဝါဆိုလဆန်း ၁ရက်) မွန်းလွဲ ၂နာရီတွင် ဝါဆိုသင်္ကန်း ဆက်ကပ်မည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများ ဦးထွန်းဝေ ဖုန်း-၅၇၀၁၆၅၊ ဦးမောင်စောအောင် ဖုန်း-၀၉-၈၅-၀၁၆၅၁၊ ဦးမောင်စောခင် ဖုန်း-၀၉-၅၀-၆၅၉၇၅၊ ၅၅၇၀၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ (က-ပ)

27-6 (03).pmd 1 6/27/2008, 2:15 AM

သမ္မတရွေးကောက်ပွဲ၌ အိုဘားမားအနိုင်ရရှိရေး သမ္မတဟောင်းဘီလ်ကလင်တန်ထောက်ခံ ကြိုးပမ်းမည်

ဝါရှင်တန် ဇွန် ၂၆

အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်သမ္မတလောင်း အိုဘားမားအနိုင်ရရေး ထောက်ခံကြောင်း အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်က ပထမဆုံးအကြိမ် ထုတ်ပြန်ကြေညာလိုက်သည်။

ဘီလ်ကလင်တန်၏ဇနီး ဟီလာရီကလင်တန်နှင့် အိုဘားမားတို့မှာ ဒီမိုကရက်တစ်ပါတီ၏သမ္မတလောင်းဖြစ်ရေး အကြိုရွေးကောက်ပွဲများတွင် အကြိတ်အနယ် ပြိုင်ဘက်များ ဖြစ်ကြသည်။ မဲဆွယ်စည်းရုံးရေးလုပ်ခဲ့ကြစဉ် သမ္မတဟောင်း ဘီလ်ကလင်တန်က အိုဘားမားကို မကြာခဏ ဝေဖန်ခဲ့သည်။

အိုဘားမား**(ယာပုံ)** အနိုင်ရရှိရေးအတွက် ဘီလ်ကလင်တန်က ကြိုးပမ်းဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်ကြောင်း ဘီလ်ကလင်တန်၏ ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားသည်။

ဝေဖန်ပြောကြား

အကြိုရွေးကောက်ပွဲများကာလက သဘောထားကွဲလွဲမှုများကို ပပျောက်သွားစေပြီး ဟီလာရီကလင်တန်အား ထောက်ခံသူများ၏ အားပေးမှုကိုပါရရှိအောင် အိုဘားမား၏ ကြိုးစားမှု အောင်မြင်သည်ဟု အကဲခတ်သမားများက ဝေဖန်ပြောကြားသည်။

လူထုအစည်းအဝေး

ထို့ကြောင့်ပင် နယူးဟမ်ရှိုင်းယား အကြိုရွေးကောက်ပွဲတွင် ၁၀၇မဲစီထောက်ခံမှု ရရှိခဲ့ကြသည့် အိုဘားမားနှင့်ဟီလာရီတို့သည် ဇွန် ၂၇ရက်တွင် နယူးဟမ်ရှိုင်းယား ပြည်နယ် ယူနစ်တီမြို့၌ ပူးတွဲလူထုအစည်းအဝေးကျင်းပကာ မဲဆွယ်ဟောပြောရန် စီစဉ်ထားကြောင်း သိရသည်။ သို့သော် ဘီလ်ကလင်တန်မှာမူ ဥရောပသို့ ခရီးထွက်နေသည့်အတွက် တက်ရောက်နိုင်မည်မဟုတ်ဟု ဆိုသည်။

ထောက်ခံမှု

ဘီလ်ကလင်တန်၏ ထောက်ခံမှုကို အိုဘားမား၏ မဲဆွယ်စည်းရုံးရေးအဖွဲ့က ကြိုဆိုလိုက်ပြီး ယခုနှစ်အပြောင်းအလဲတွင် ဘီလ်ကလင်တန်၏ထောက်ခံမှုက ကြီးမားသောအခန်းကဏ္ဍမှ ပါဝင်မည်ဟု ယုံကြည်ကြောင်း ကြေညာလိုက်သည်။

(အင်တာနက်)

ကမ္ဘာ့မြို့ကြီးအချို့၏ မိုး/လေအခြေအနေ

နယူးယောက် ဇွန် ၂၆

ကမ္ဘာ့မိုးလေဝသ အဖွဲ့ချုပ်မှ ဇွန် ၂၆ ရက်က ထုတ်ပြန်ခဲ့သော မြို့ကြီးအချို့၏ ရာသီဥတု အခြေအနေကို အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည်-

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၂၈ ̊C	လေပြင်းတိုက်၊မိုးရွာ
ဂျပန်	တိုကျို	၂၅ ̊C	မိုးရွာ
ထိုင်း	ဗန်ကောက်	၃၄ ̊C	မိုးရွာ
ဩစတြေးလျ	ဆစ်ဒနီ	၁၈ ̊C	သာယာ
ပါကစ္စတန်	ကရာချိ	၃၄ ̊C	တိမ်ထူထပ်
အီဂျစ်	ကိုင်ရို	၃၄ ̊C	သာယာ
ရုရှား	မော်စကို	၂၂ ̊C	တိမ်ထူထပ်
ဂျာမနီ	ဖရန့်ဖွတ်	၂၈ ̊C	မိုးရွာ
ပြင်သစ်	ပါရီ	၂၈ ̊C	တိမ်ထူထပ်
ဗြိတိန်	လန်ဒန်	၂၃ ̊C	တိမ်ထူထပ်
အမေရိကန်	နယူးယောက်	၂၈ ̊C	တိမ်ထူထပ်

(အင်တာနက်)

အကြမ်းဖက်မှု ပူးတွဲတိုက်ဖျက်ရေး အိန္ဒိယနှင့်ပါကစ္စတန်တို့ ဆွေးနွေးသဘောတူညီ

အစ္စလမ္မာဘတ် ဇွန် ၂၆

အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံတို့၏ တတိယအကြိမ်မြောက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ပူးတွဲဆွေးနွေးပွဲကို ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့၌ ဇွန် ၂၅ရက်က ကျင်းပသည်။

ယခုကဲ့သို့ ဆွေးနွေးပွဲဖြစ်လာရခြင်းမှာ ပါကစ္စတန်သမ္မတ ပါဗက်မူရှာရက်ဖ်နှင့် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းတို့၏ ပြီးခဲ့သည့်နှစ် စက်တင်ဘာ ၁၆ ရက်က တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ယခုကဲ့သို့ ဆွေးနွေးမှု ဆက်လက်ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။

ကျင်းပခဲ့

အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဆွေးနွေးပွဲများကို ပြီးခဲ့သည့် မတ်လက ပထမအကြိမ် ဆွေးနွေးခဲ့ပြီး ဒုတိယအကြိမ် ဆွေးနွေးပွဲကို ပြီးခဲ့သည့် အောက်တိုဘာလက အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

ဆွေးနွေး

ဆွေးနွေးပွဲတွင် အကြမ်းဖက်မှုနှင့် ပတ်သက်ပြီး သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေး၊ စည်းမျဉ်းစည်းကမ်းများ ရေးဆွဲအကောင်အထည်ဖော်ရေးတို့ကို ဆွေးနွေးသဘောတူညီခဲ့ကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ထိုင်းတောင်ပိုင်း၌ ဗုံးဖောက်ခွဲမှု ဖြစ်ပွား

ဗန်ကောက် ဇွန် ၂၆

ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်ရှိ ဈေးတစ်ခုအတွင်း၌ ဇွန် ၂၄ရက် နံနက်ပိုင်းက အကြမ်းဖက်သမားများ၏ ဗုံးဖောက်ခွဲ တိုက်ခိုက်မှုကြောင့် ၁၀ဦး ဒဏ်ရာရရှိခဲ့သည်။

ပို့ဆောင်ပေး

ယင်းဖြစ်ပွားမှုသည် လူစည်ကားရာဈေး၏ ကားရပ်နားရာနေရာ၌ မော်တော်ဆိုင်ကယ်ဖြင့် ဖြတ်သန်းဖောက်ခွဲခဲ့ခြင်း ဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူများတွင် အရပ်သားခုနစ်ဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်သုံးဦး ပါဝင်ကြောင်း၊ ၎င်းတို့အား ပြည်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း ဗန်ကောက်ပို့စ်ဝက်ဘ်ဆိုက်၌ ဖော်ပြသည်။

အကြမ်းဖက်

၂၀၀၄ ခုနှစ်ကတည်းက ထိုင်းနိုင်ငံတောင်ပိုင်းရှိ ယာလာ၊ နာရာသီဝပ်နှင့် ပတ္တနီပြည်နယ်တို့တွင် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၃၀၀၀ကျော် ရှိပြီဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တောင်ကိုရီးယား၌ သံတမန်လုပ်ငန်း တိုးမြှင့်ဆောင်ရွက်

ဆိုးလ် ဇွန် ၂၆

တောင်ကိုရီးယားနိုင်ငံအနေဖြင့် နိုင်ငံအချင်းချင်း သံတမန်ဆက်ဆံရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန် သံရုံးအသစ်ငါးခု ဖွင့်လှစ်မည်ဖြစ်သည်။

သံတမန်ဆက်သွယ်မှု

ယခုနှစ်အတွင်း သံတမန်ရေး တိုးမြှင့်ဆောင်ရွက်မှုတွင် ဘိုလီးဗီးယား၊ ကင်မရွန်း၊ ကွန်ဂို၊ ကာဂျီစတန်နှင့် ထရီနီဒတ်-တိုဘာဂိုနိုင်ငံများနှင့် သံတမန်ဆက်သွယ်မှုပြုလုပ်မည်ဖြစ်ကြောင်း ဇွန် ၂၄ရက်က ကျင်းပသည့် ဝန်ကြီးများအဖွဲ့အစည်းအဝေး၌ ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကမ္ဘာ့ကုန်သွယ်မှုစင်တာ တည်ဆောက်မည့်ပုံစံငယ်ကို ဇွန် ၂၅ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အစ္စရေးတောင်ပိုင်းကို စစ်သွေးကြွတို့ တိုက်ခိုက်မှု ဂါဇာ အပစ်အခတ်ရပ်စဲရေးသဘောတူမှု ချိုးဖောက်ရာကျ

ဂျေရုဆလမ် ဇွန် ၂၆

အစ္စရေးနိုင်ငံတောင်ပိုင်း ဆဒါရော့မြို့ကို ပါလက်စတိုင်း စစ်သွေးကြွများ တိုက်ခိုက်ခြင်းသည် ခြောက်ရက်ကြာ ဂါဇာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကို ချိုးဖောက်ခြင်းဖြစ်သည်ဟု အစ္စရေးက ကြေညာသည်။ ယင်းသို့ တိုက်ခိုက်မှုသည် အစ္စလမ္မစ် ဂျီဟတ် စစ်သွေးကြွအုပ်စု၏ လက်ချက်ဖြစ်သည်ဟု ယူဆသည်။

ထပ်မံပြုလုပ်

ဂါဇာကမ်းမြောင်မှ အနည်းဆုံးဒုံးကျည်ဖြင့် နှစ်ကြိမ်ပစ်ခတ်သည်။ သို့သော် ထိခိုက်မှုမရှိဟုဆိုသည်။

တိုက်ခိုက်

အနောက် ဘက်ကမ်းတွင် လူနှစ်ဦး သေဆုံးသည့် အစ္စရေးတို့ သိမ်းပိုက်မှုကို လက်စားချေသည့်အနေဖြင့် တိုက်ခိုက်ခြင်း ဖြစ်သည်ဟုလည်း အစ္စလမ္မစ်ဂျီဟတ် အုပ်စုက ကြေညာသည်။ (အင်တာနက်)

ယခုအခါ ဂါဇာကမ်းမြောင်ကို စီးပွားရေးပိတ်ပင်မှု ထပ်မံပြုလုပ်ကောင်းပြုလုပ်မည်ဟု အစ္စရေးက ကြေညာသည်။

မှောင်ခိုတင်သွင်းသည့်စီးကရက်များ စင်ကာပူတွင် သိမ်းဆည်းရမိ

စင်ကာပူ ဇွန် ၂၆

စင်ကာပူနိုင်ငံ အကောက်ခွန်အဖွဲ့က တရားမဝင်စီးကရက်များကို ဇွန် ၂၅ရက်၌ သိမ်းဆည်းရမိခဲ့သည်။

၎င်းစီးကရက်များ၏ တန်ဖိုးမှာ ငွေကြေးပမာဏအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၄ သန်းခန့်ရှိကြောင်း စင်ကာပူ အရာရှိများက ဇွန်၂၅ရက်က ပြောကြားသည်။

အကောက်ခွန်ငွေ

ယခုဖမ်းဆီးမိသော ပမာဏမှာ စင်ကာပူနိုင်ငံ၌ အများဆုံးဖြစ်ပြီး အကောက်ခွန်ဝင်ငွေ ရရှိမည်ဆိုပါက စင်ကာပူဒေါ်လာ ၁ဒသမ၈သန်းခန့် ရရှိမည်ဖြစ်သည်။

မှောင်ခိုသွင်း

စီးကရက်သေတ္တာပေါင်း ၂၃၃၅၀၀ကို မှောင်ခိုသွင်းရန် ကြိုးစားသူ စင်ကာပူ နိုင်ငံသားငါးဦးနှင့် မလေးရှားနိုင်ငံသား တစ်ဦးတို့အား စင်ကာပူရဲတပ်ဖွဲ့က ဖမ်းဆီးထားသည်။

သိမ်းဆည်းရမိ

အဆိုပါစီးကရက်များကို သိုလှောင်ရုံ တစ်ခုအတွင်း ထားရှိခြင်းဖြစ်ပြီး စီးကရက်သေတ္တာများနှင့်အတူ ဗင်ကားသုံးစီးနှင့် ဆလွန်းကားတစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကားဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇွန် ၂၅ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘဂ္ဂဒက်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား အမေရိကန်လေးဦးနှင့် အီရတ်ခြောက်ဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၂၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် ဆာဒါးစီးတီး ဒေသန္တရအုပ်ချုပ်ရေး အဆောက်အအုံ၌ ဇွန် ၂၄ရက်က ကျင်းပသည့် အစည်းအဝေးတွင် ဗုံးတစ်လုံးပေါက်ကွဲသဖြင့် အမေရိကန်အစိုးရဝန်ထမ်းနှစ်ဦးနှင့် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးအပါအဝင် ၁၀ဦး သေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဖောက်ခွဲမှု

ထို့အပြင် အီရတ်ခြောက်ဦးသေဆုံးပြီး ၁၀ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။ မြို့တော်အနီး လွန်ခဲ့သည့်ရက်သတ္တပတ်က ကားဗုံးဖောက်ခွဲမှုတွင် ၆၃ ဦးသေဆုံးခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာတစ်လွှားထူးထူးခြားခြား

ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ အိုလံပစ် အားကစားရုံအတွင်း ကလေးငယ် ၁၀၀၀၀၀ခန့်တို့က ပန်းချီကားပေါင်း ၁၂၃၀၀၀ကို ဇွန်၂၅ရက်က ရေးဆွဲခဲ့ကြရာ ၎င်းပန်းချီကားများ၏ စုစုပေါင်းအရှည်သည် ၂၃မိုင်ခန့် ရှိသဖြင့် ကမ္ဘာပေါ်တွင် စုပေါင်းပန်းချီရေးဆွဲသည့် ကလေးဦးရေ အများဆုံး၊ ရေးဆွဲသည့် ပန်းချီကား အရေအတွက်အများဆုံးနှင့် အရှည်ဆုံး အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ဖော်ပြခံရသည်။(အင်တာနက်ဓာတ်ပုံ)

တန်ဖိုးအမြင့်ဆုံး စားပွဲနှင့်ထိုင်ခုံ

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ဇွန်၂၄ ရက်က လေလံတင် ရောင်းချပွဲတစ်ခုတွင် ရွှေများဖြင့် အနားကွပ်ထားသည့် စားပွဲနှင့် ထိုင်ခုံတစ်စုံအား ရောင်းချခဲ့ရာ အမေရိကန် ဒေါ်လာ ၈၅၀၀၀၀ ရရှိခဲ့သဖြင့် ကမ္ဘာပေါ်တွင် တန်ဖိုးအမြင့်ဆုံး စားပွဲနှင့်ထိုင်ခုံ အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

(အင်တာနက်ဓာတ်ပုံ)

ကိုယ်ဝန်ဆောင်စဉ်မိခင်များ ကိုယ်အလေးချိန်တိုးပါက မွေးဖွားလာသည့် ကလေးများ အဝလွန်မှုဖြစ်နိုင်

အင်တာနက် ကျန်းမာရေး

အမျိုးသမီးများ ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း ကိုယ်အလေးချိန်တိုးလာပါက မွေးဖွားလာသော ရင်သွေးငယ်များသည် အသက်ငယ်ငယ်ရွယ်ရွယ်နှင့် အဝလွန်သူများ ဖြစ်လာတတ်ကြကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အဝလွန်သည့်ကလေး

ကိုယ်ဝန်ဆောင်အမျိုးသမီးဦးရေ ၁၀၀၀၀ခန့်နှင့် ၎င်းတို့မွေးဖွားလာသော ကလေးငယ်တို့အား နှစ်အတန်ကြာ သုတေသနပြုခဲ့ရာ ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း ကိုယ်အလေးချိန်တိုးခဲ့သည့် မိခင်များ၏ ရင်သွေးငယ်များသည် အသက်ခုနစ်နှစ်အရွယ်၌ အဝလွန်သည့် ကလေးငယ်များ ဖြစ်လာကြကြောင်းတွေ့ရှိရသည်ဟု ဆို၏။

သတိထားနေထိုင်

စနစ်တကျသုတေသနပြုမှုအရ ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း အမျိုးသမီးများအနေဖြင့် ကိုယ်အလေးချိန် ၂၅ ပေါင်မှ ၃၅ပေါင်အထိ တိုးလာမှုမဖြစ်စေရန် သတိထားနေထိုင်ကြရမည်ဖြစ်ပြီး ယင်းသို့ ကိုယ်အလေးချိန်တိုးလာသော ကိုယ်ဝန်ဆောင်မိခင်များ၏ ၄ဖြာခိုင်နှုန်းသော ကလေးငယ်များမှာ အဝလွန်သူများ ဖြစ်လာကြသည်ဟု ၎င်းတို့က ပြောကြားသည်။

သွေးချိုရောဂါဖြစ်ပွားနိုင်

ကလေးငယ်များ အဝလွန်မှုဖြစ်ပွားလာပါက သွေးအတွင်း သကြားဓာတ် ပါဝင်မှုပမာဏများတတ်သည်ဖြစ်ရာ သွေးချိုရောဂါဖြစ်ပွားနိုင်မှု ရာခိုင်နှုန်းများကြောင်း အမေရိကန်သုတေသနပညာရှင်များက သတိပေးထားသည်။ (အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဘဝအမောပြေ

မှတ်တိုင်ပါတယ် . . .

ဂျာမနီနိုင်ငံ ဘာလင်မြို့ ဘတ်စ်ကားတစ်စီးပေါ်တွင် ကျေးလက်မှ အမျိုးသမီးကြီး တစ်ဦးလိုက်ပါလာလေသည်။ ဆင်းရမည့်မှတ်တိုင် မမှတ်မိဘဲဖြစ်နေရာ ဘတ်စ်ကားပေါ်မှ လူအဆင်းအတက်ကို အကဲခတ်နေသည်။

အခြားခရီးသည် ။ ။ စင်ဂျန်းပါတယ်··· ဟုပြောကာ မှတ်တိုင်ရောက်သည်နှင့် ခရီးသည်တစ်ဦးဆင်းသွားသည်။ကားဆက်မောင်းလာရာ···

ခရီးသည်တစ်ဦး ။ ။ ပန့်မွန်းပါတယ်···ဟု ပြောကာ မှတ်တိုင်ရောက်သည်နှင့် ခရီးသည်တစ်ဦး ဆင်းသွားပြန်လေသည်။ ကားက ဆက်မောင်းလာရာ··· ကျေးလက်မှ အမျိုးသမီးကြီးက ရုတ်တရက် မတ်တတ်ရပ်ပြီး ပြောလိုက်သည်မှာ···

ကျေးလက် အမျိုးသမီးကြီး ။ ။ ဟိုစင်ရှာက မစ္စစ်ဂျုံးပါတယ်။

ယာဉ်မောင်း ။ ။ "ဟာ"

မြန်မာ့အလင်း

ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ ၂၆-၆-၂၀၀၈

အိုပက်အဖွဲ့၏ ရေနံစိမ်းဈေးနှုန်း နေ့စဉ် စံချိန်တင်မြင့်တက်လျက်ရှိ

ရေနံတင်ပို့ရောင်းချမည့် နိုင်ငံများအဖွဲ့(အိုပက်)၏ ရေနံစိမ်းဈေးနှုန်းသည် ဇွန် ၂၄ရက်က နေ့စဉ်ဈေးနှုန်းများအလိုက် ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၃၁ဒသမ ၂၅ဒေါ်လာအထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း၊ ဇွန်၂၃ရက်နှင့် နှိုင်းယှဉ်လျှင် ဝဒသမ ၅၅ ဒေါ်လာ ပိုမိုမြင့်တက်လာကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

နောက်ဆုံးစံချိန်တင်ဈေးနှုန်းအဖြစ် ဇွန် ၉ရက်က ၁၃၀ဒသမ ၈၇ဒေါ်လာအထိ မြင့်တက်ခဲ့သည်။

ဗီယက်နမ် ကားတင်သွင်းမှု လျော့ကျ

ဗီယက်နမ်အစိုးရအနေဖြင့် ကုန်သွယ်ရေးလိုငွေပြမှုကို လျှော့ချနိုင်ရန် သွင်းကုန်အကောက်ခွန်များအား တိုးမြှင့်ကောက်ခံခဲ့သည့်အတွက် ဇွန်လအတွင်း နိုင်ငံအတွင်းသို့ ကားတင်သွင်းမှုမှာ ကားစီးရေ ၄၅၀၀မှ ၁၀၀၀အထိ လျော့ကျသွားခဲ့သည်။

ဗီယက်နမ်နိုင်ငံအတွင်းသို့ ယခုနှစ်ဝက်အတွင်း မော်တော်ကားစီးရေ ၄၂၀၀၀ တင်သွင်းခဲ့ကြောင်း၊ သွင်းကုန် အကောက်ခွန်များ တိုးမြှင့်မှုတွင် ဧပြီလမှ စတင်ကာ ခရီးသည်တင်ယာဉ်များအတွက် ၇၀ရာခိုင်နှုန်းကောက်ခံနေမှုမှ ၈၃ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံခဲ့သည်။

ထိုသို့ဆောင်ရွက်မှုကြောင့် ကုန်သွယ်ရေးလိုငွေပြမှုလျှော့ချနိုင်ကာ ယာဉ်ကြောပိတ်ဆို့မှုများကိုလည်း အထောက်အကူပြုစေမှာဖြစ်ကြောင်း နယူးဟန်ရှိုင်းသတင်းစာက ရေးသားဖော်ပြသည်။

အမေရိကန်မှ မွေးမြူရေးခြံထွက်ပစ္စည်းတင်သွင်းမှု မက္ကဆီကို ပိတ်ပင်

အမေရိကန်နိုင်ငံ အာကင်ဆောပြည်နယ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေမှုကြောင့် မက္ကဆီကိုနိုင်ငံအတွင်းသို့ အာကင်ဆောပြည်နယ်မှ မွေးမြူရေးခြံထွက်ပစ္စည်းများ တင်သွင်းမှုကို ပိတ်ပင်လိုက်ကြောင်း မက္ကဆီကိုစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနက ပြောကြားသည်။

ကြက်ဥ၊ ကြက်သား၊ အသားလွှာများ၊ စည်သွတ်ဘူးများ အပါအဝင် မွေးမြူရေးခြံထွက်ပစ္စည်းများ တင်သွင်းမှုအားလုံးကို ပိတ်ပင်လိုက်ကြောင်း၊ ထို့ပြင် အလှမွေးငှက်များနှင့် အိမ်မွေးတိရစ္ဆာန်များ တင်သွင်းမှုကိုလည်း ပိတ်ပင်လိုက်သည်။ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ပါက မွေးမြူရေးခြံထွက်ပစ္စည်းများတင်သွင်းမှုကို ပြန်လည်ခွင့်ပြုမည်ဖြစ်သည်။

ကုန်သွယ်ရေးဝန်ကြီးများအစည်းအဝေး ဒိုဟာ၌ကျင်းပမည်

ကာတာနိုင်ငံ ဒိုဟာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ ဌာနချုပ်တွင် ကုန်သွယ်ရေးဝန်ကြီးများ၏ အစည်းအဝေးကို ဇူလိုင်၂၁ရက်မှ စတင်ကျင်းပမည်ဖြစ်ကြောင်း၊ ယင်းအစည်းအဝေးသို့ နိုင်ငံအသီးသီးမှ ကုန်သွယ်ရေးဝန်ကြီးပေါင်း ၃၀ ကျော် တက်ရောက်မည်ဖြစ်ကြောင်း၊ ယင်းအစည်းအဝေးတွင် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုရေးရာများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

ယင်းအစည်းအဝေးသည် ရက်သတ္တတစ်ပတ်မျှ ကြာမြင့်ဖွယ်ရှိပြီး နှစ်ပေါင်းများစွာ အခက်အခဲများနှင့် ရင်ဆိုင်နေရသည့် လယ်ယာ အမတော်ကြေးဆိုင်ရာများ၊ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာ အခွန်စည်းကြပ်မှုများကို အောင်မြင်စွာ ဆွေးနွေးသဘောတူညီမှု ရရှိနိုင်မည်ဖြစ်သည်။

သူတို့ အတွေးနှင့် အမြင်

* *Ignorance is not innocence, but sin.*

မသိနားမလည်ခြင်းသည် ဖြူစင်အပြစ်ကင်းစင်ခြင်း မဟုတ်ပါချေ။ အပြစ်သာလျှင် ဖြစ်သည်။

ရောဘတ်ဘရောင်းနင်း (အင်္ဂလိပ်လူမျိုး ကဗျာဆရာ)

* *Every production of genius must be the production of enthusiasm.*

စိတ်အားထက်သန်မှုကြောင့် ပါရမီရှင် ဖြစ်ထွန်းလာရသည်။

အိုက်ဆက်ဒစ်စရေလီ (အင်္ဂလိပ်လူမျိုး စာရေးဆရာ)

ပင်လယ်နီကမ်းခြေရှိ အီရီထရီးယားနိုင်ငံ

သတင်းအက်ဆေး

အီရီထရီးယားနိုင်ငံသည် အာဖရိကတိုက်အရှေ့ဘက် ပင်လယ်နီ၏ အနောက်တောင် ကမ်းခြေဒေသတွင် တည်ရှိသည်။ ဤနိုင်ငံသည် ရှည်ကြာသော လွတ်လပ်ရေး တိုက်ပွဲကို ၁၉၉၃ခုနှစ်တွင် အောင်မြင်ပြီးနောက် မကြာမီမှာပင် ပထမဆုံး ယီမင်နိုင်ငံနှင့် စစ်ဖြစ်ရသည်။ ထို့နောက် ရန်ဘက် အီသီယိုးပီးယားနိုင်ငံနှင့် ပြင်းပြင်းထန်ထန် စစ်ဖြစ်ပွားသည်။

အားသွန်ကြိုးပမ်း

ယခုအခါ ငြိမ်းချမ်းသည်ဆိုသော်လည်း ခိုင်ခိုင်မာမာမရှိ။ နှစ်ပေါင်း၃၀ကျော်တိုက်ပွဲနှင့် နပန်းလုံးလာခဲ့ပြီးနောက် ဤနိုင်ငံတွင် အခြေခံအဆောက်အအုံ ပြန်လည်တည်ဆောက်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးရေးတို့အတွက် အားသွန်ကြိုးပမ်းရမည့် ကြီးမားသောတာဝန်များရှိနေသည်။

အီရီထရီးယား နိုင်ငံသည် ၃၀၀-၆၀၀ပြည့်နှစ်များက အီသီယိုးပီးယား ဘုရင်နိုင်ငံ၏ အစိတ်အပိုင်း တစ်ခု ဖြစ်သည်။ ၆၀၀ပြည့်နှစ်တွင် အာရပ်များက ကမ်းရိုးတန်းဒေသများတွင် အစ္စလာမ်ဘာသာ သွတ်သွင်းလာသည်။ ၁၅၀၀ပြည့်နှစ်များတွင် အော်တိုမန်အင်ပါယာက သိမ်းသွင်းလိုက်သည်။ ၁၈၉၀ ပြည့်နှစ်တွင် အီတလီ ကိုလိုနီဖြစ်လာသည်။ ၁၉၄၁ ခုနှစ်တွင် ဗြိတိသျှတပ်များ သိမ်းပိုက်သည်။ ၁၉၅၂ခုနှစ်တွင် အီရီထရီးယားကို အီသီယိုးပီးယားနိုင်ငံ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ကုလသမဂ္ဂက ဆုံးဖြတ်ခဲ့သည်။

လက်ဝဲအုပ်စု

၁၉၅၈ ခုနှစ်တွင် အီရီထရီးယား လွတ်မြောက်ရေး တပ်ဦးကို ဖွဲ့စည်းသည်။ ၁၉၆၂ခုနှစ်တွင် အီသီယိုးပီးယားက သိမ်းသည်။ လွတ်လပ်ရေးစစ်ပွဲ စတင်သည်။ ၁၉၇၀ ပြည့်နှစ်တွင် အီရီထရီးယားလွတ်မြောက်ရေးတပ်ဦးမှ လက်ဝဲအုပ်စုက အီရီထရီးယား ပြည်သူ့လွတ်မြောက်ရေး တပ်ဦးကို ဖွဲ့စည်းသည်။ ၁၉၇၄ခုနှစ်တွင် အီသီယိုးပီးယား ဘုရင်ဟေးဆီလက်ဆီကို စစ်တပ်က ဖြုတ်ချအာဏာသိမ်းခဲ့သည်။

အီရီထရီးယား ပြည်သူ့လွတ်မြောက်ရေးတပ်ဦးက ၁၉၉၀ ပြည့်နှစ်တွင် အီရီထရီးယား-မာဆာဝ ဆိပ်ကမ်းကိုလည်းကောင်း၊ ၁၉၉၁ခုနှစ်တွင် အီရီထရီးယား-မြို့တော် အက်မာရာကိုလည်းကောင်း သိမ်းပိုက်ပြီး ယာယီအစိုးရကို ဖွဲ့စည်းလိုက်သည်။ ကုလသမဂ္ဂက အီရီထရီးယားလွတ်လပ်ရေးဆိုင်ရာ ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရက် သတ်မှတ်ပေးသည်။ ၁၉၉၃ ခုနှစ်တွင် လွတ်လပ်ရေးရယူရေးကို တညီတညွတ်တည်း မဲပေးသည်။ အီရီထရီးယားနိုင်ငံ လွတ်လပ်ရေးရရှိပြီး ကုလသမဂ္ဂအဖွဲ့ဝင် ဖြစ်လာသည်။

နယ်စပ်ပြဿနာ

၁၉၉၅ ခုနှစ်တွင် ပင်လယ်နီထိပ်ဝရှိ ယီမင်နိုင်ငံ သိမ်းထားသော ကျွန်းများကို အီရီထရီးယားတပ်များက ကျူးကျော်သည်။ ၁၉၉၈ခုနှစ်တွင် အီရီထရီးယားနှင့် အီသီယိုးပီးယား နယ်စပ်ပြဿနာ ကြီးထွားလာပြီး ၁၉၉၉ ခုနှစ်တွင် နယ်စပ်ကိစ္စဖြင့် နှစ်နိုင်ငံ စစ်ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ် မေလတွင် အီသီယိုးပီးယား တပ်များက မဟာဗျူဟာမြောက် အီရီထရီးယားပိုင် ဘာရင်တူမြို့ကို သိမ်းပိုက်သည်။

ကြားဝင်ဆောင်ရွက်

၂၀၀၀ပြည့်နှစ် ဒီဇင်ဘာလတွင် အယ်လ်ဂျီးရီးယား၌ အီရီထရီးယားနှင့် အီသီယိုးပီးယားနှစ်နိုင်ငံ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုသည်။ ၂၀၀၁ခုနှစ် မေလတွင် နှစ်နိုင်ငံနယ်ခြားသတ်မှတ်ရေး ကုလသမဂ္ဂ ကြားဝင်ဆောင်ရွက်ပေးရန် နှစ်နိုင်ငံ သဘောတူသည်။

၂၀၀၂ခုနှစ် ဖေဖော်ဝါရီလတွင် အီရီထရီးယားနိုင်ငံ၌ မည်သည့်နိုင်ငံရေးပါတီမျှ ထူထောင်ခွင့် မပေးရန် အီရီထရီးယား အမျိုးသားလွှတ်တော်က ဆုံးဖြတ်သည်။

၂၀၀၂ခုနှစ် အောက်တိုဘာလတွင် ဆူဒန်နိုင်ငံက နိုင်ငံအရှေ့ပိုင်း သူပုန်ထိုးစစ်တွင် အိမ်နီးချင်း အီရီထရီးယားနိုင်ငံ ပါဝင်သည်ဟု စွပ်စွဲသည်။ အီရီထရီးယား အစိုးရက ငြင်းသည်။

၂၀၀၅ ခုနှစ် နိုဝင်ဘာလတွင် ၂၀၀၀ ပြည့်နှစ် ငြိမ်းချမ်းရေးအစီအစဉ်ကို ပြန်လည်လေးစားလိုက်နာခြင်းမပြုလျှင် အရေးယူ ပိတ်ပင်မည်ဖြစ်ကြောင်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အီရီထရီးယားနှင့် အီသီယိုးပီးယား နှစ်နိုင်ငံစလုံးကို ခြိမ်းခြောက် အကျပ်ကိုင်လိုက်သည်။

၂၀၀၆ခုနှစ် စက်တင်ဘာလတွင် ကုလသမဂ္ဂဝန်ထမ်းများအား စပိုင်များ ဖြစ်သည်ဟုဆိုကာ အီရီထရီးယားနိုင်ငံက နှင်ထုတ်သည်။ ကုလသမဂ္ဂနှင့် ဆက်ဆံရေးပိုမိုတင်းမာလာသည်။

အငြင်းပွား

၂၀၀၈ခုနှစ် ဇန်နဝါရီလတွင် အီရီထရီးယားနှင့် အီသီယိုးပီးယား နယ်စပ်ရှိ ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းရေး တပ်၏သက်တမ်းကို ကုလသမဂ္ဂ နောက်ထပ်ခြောက်လတိုးသည်။ ဖေဖော်ဝါရီလတွင် လောင်စာဖြန့်ဖြူးရေးတွင် အီရီထရီးယားအစိုးရက ကန့်သတ်ချုပ်ချယ်သဖြင့် ကုလသမဂ္ဂကအင်အား ၁၇၀၀ရှိ ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ကို စတင်ရုပ်သိမ်းသည်။ ဧပြီလတွင် နှစ်နိုင်ငံ အငြင်းပွားနယ်စပ်ဒေသ၌ အီရီထရီးယားတပ်များ ကတုတ်ကျင်းတူး တပ်စွဲလာသည့် အပြင် နယ်မြေ ကျူးကျော်ကြောင်း ဂျီဘူတီနိုင်ငံက စွပ်စွဲသည်။ အီရီထရီးယားက ငြင်းဆိုသည်။ မေလတွင် အီရီထရီးယားနိုင်ငံက ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းရပ်စဲပါရန် မေတ္တာရပ်ခံသည်။ ဇွန်လတွင် အီရီထရီးယားနှင့် ဂျီဘူတီတပ်ဖွဲ့ဝင်များ တိုက်ပွဲများစတင်ဖြစ်ပွားသည်။

သမ္မတ အဖီဝါကီမှာ ၁၉၉၃ ခုနှစ်တွင် အမျိုးသားလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့် သမ္မတဖြစ်သည်။ သမ္မတရွေးကောက်ပွဲကို ၁၉၉၇ ခုနှစ်တွင် ကျင်းပရန် စီစဉ်သော်လည်း အထမမြောက်သေးပေ။ တစ်ပါတီစနစ်ကျင့်သုံးသည့် နိုင်ငံဖြစ်သည်။ သမ္မတ အဖီဝါကီသည် ၁၉၇၀ ပြည့်နှစ်က အီရီထရီးယားပြည်သူ့လွတ်မြောက်ရေးတပ်ဦးကို ထူထောင်ခဲ့သူတစ်ဦးဖြစ်ပြီး ၁၉၈၇ ခုနှစ်တွင် ပါတီ၏ အတွင်းရေးမှူးချုပ်အဖြစ် ရွေးချယ်ခံရသူ ဖြစ်သည်။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

● *ရှေ့ဖုံးမှ*

ရေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ပြည်ထောင်စုရိပ်သာဝင်းအတွင်း၌ တပ်မတော်သားများက မုန်တိုင်းတိုက်ခတ်စဉ်က ပြိုလဲသွားသည့် သက်တမ်းရင့်သစ်ပင်ကြီးများမှ ကျန်ရှိနေသေးသော အမြစ်ဆုံနှင့် ပင်စည်များကို စက်ယန္တရားကြီးများဖြင့် အပြီးသတ်ရှင်းလင်းဖယ်ရှားနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ပြီးစီးရေး၊ ပြန်လည်ဖြစ်ထွန်း ရှင်သန်နိုင်သေးသည့် သစ်ပင်များကို ပြန်လည်ပြုပြင် စိုက်ပျိုးရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ရွှေတိဂုံဘုရားလမ်းနှင့် ကန်တော်ကြီး ကန်ပတ်လမ်းအတိုင်း ထွက်ခွာလာပြီး ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေး စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်ထားရှိမှုတို့ကို မော်တော်ယာဉ်ဖြင့်ဖြတ်သန်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရပ်ကွက် အထက်ပုဇွန်တောင်လမ်းတစ်လျှောက်၌ တပ်မတော်သားများက ပြိုလဲသွားသော သက်တမ်းရင့်သစ်ပင်ကြီးများမှ အမြစ်ဆုံနှင့် ပင်စည်များကို စက်ယန္တရားကြီးများဖြင့် အပြီးသတ်ရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ အမှတ်(၄) သစ်ဆိုင်ဝင်းအတွင်း၌ရောက်ရှိပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက မိုးရာသီကာလအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အထက်ပုဇွန်တောင်လမ်းမှ ပုဇွန်တောင်ချောင်းအထိ အရှည်ပေ ၁၀၀၀၊ အကျယ် ၈ပေနှင့် အနက် ၅ပေရှိ ရေနုတ်မြောင်းတူးဖော်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြကြသည်။

ကြပ်မတ်ကွပ်ကဲ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်မြို့ကို မြို့အင်္ဂါရပ်နှင့်အညီ ရာသီမရွေး သန့်ရှင်းသာယာလှပရေး၊ မြို့နေ ပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ နေထိုင်ရေးနှင့် သန့်ရှင်းသာယာ၍ ကျန်းမာရေးနှင့် ညီညွတ်သော ပတ်ဝန်းကျင် အစဉ်ဖြစ်ရေးတို့အတွက် တာဝန်ရှိသူ အဆင့်ဆင့်က အောက်ခြေအထိမျက်ခြည်မပြတ်ကြပ်မတ်ကွပ်ကဲဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် မင်္ဂလာတောင်ညွန့်မြို့နယ် အထက် ပုဇွန်တောင်လမ်းရှိ ကူးတို့ဆိပ်ရပ်ကွက်သို့ ရောက်ရှိပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အထက်ပုဇွန်တောင်လမ်းတစ်လျှောက် အရှည်ပေ ၅၀၀၀၊ အကျယ်နှင့်အနက်၅ ပေစီရှိ ရေနုတ်မြောင်းတူးဖော်နေမှု၊ အရှည်ပေ ၃၀၀၀အထိ ပြီးစီးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုးရာသီကာလအတွင်း ရေစီးရေလာ ပိုမိုကောင်းမွန်ရေးအတွက် လုပ်ငန်းများကို အမြန်ပြီးစီးရေးနှင့် စပ်လျဉ်း၍ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် တာမွေမြို့နယ်ကျောက်မြောင်း အရှေ့ရပ်ကွက် မြို့ပတ်လမ်းသို့ရောက်ရှိပြီး တပ်မတော်သားများက အောင်မင်္ဂလာချောင်းတစ်လျှောက်ရေစီးရေလာကောင်းမွန်ရေးအတွက် လဲပြိုနေသော သစ်ကိုင်းများ၊ အမှိုက်များ ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် တာမွေမြို့နယ် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ ရောက်ရှိပြီး ဈေးအတွင်း သန့်ရှင်းသပ်ရပ်စွာ ဆောင်ရွက်ထားရှိမှု၊ သားငါးနှင့် ဟင်းသီးဟင်းရွက်များ၊ ဆန်၊ ဆီနှင့် မီးဖိုချောင်သုံးပစ္စည်းများ ရောင်းချနေမှု၊ ပြည်သူများ ဝယ်ယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အခွန်လွတ်ဈေးများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့်အညီ ကြပ်မတ်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် ဘုရင့်နောင် ၁၂ လမ်းသို့ ရောက်ရှိပြီး ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ လှူဒါန်းမှုဖြင့် အမှတ်(၇) အခြေခံပညာ မူလတန်းလွန်ကျောင်းအတွင်း ပေ ၁၆၀ X ပေ ၃၀ နှစ်ထပ် Steel Structure ကျောင်းဆောင်နှင့် ပေ ၈၀ X ပေ ၃၀ တစ်ထပ်ကျောင်းဆောင် တည်ဆောက်နေမှုနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၏ စုပေါင်းလုပ်အားပေးဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် သဃ်န်းကျွန်းမြို့နယ် (ခ) ရပ်ကွက် မင်္ဂလာလမ်းသို့ ရောက်ရှိပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အရှည်ပေ ၁၁၅၀၊ အကျယ် ၁၂ပေရှိ ကျောက်ချောကတ္တရာလမ်းခင်းကျင်းနေမှုနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၏ စုပေါင်းလုပ်အားပေးဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နံနက် ၉ နာရီခွဲတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

စစ်ဆေး

ဇွန် ၂၆ ရက်က အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ကျောက်ဆည်စက်မှုဇုန်နယ်မြေရှိ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဘိလပ်မြေစက်ရုံတွင် စစ်ဆေးစဉ်။

(သတင်းစဉ်)

သာရဝေါသီလရှင်စာသင်တိုက်အတွက် အလှူငွေများလှူဒါန်းနိုင်

ရန်ကုန် ဇွန် ၂၆

ရန်ကုန်မြို့ ဗဟန်း ၁လမ်း ဗဟန်းမြို့နယ်ရှိ သာရဝေါသီလရှင် စာသင်တိုက်သည် နှစ် ၁၀၀ နီးပါးရှိခဲ့ပြီဖြစ်၍ ပျက်စီးယိုယွင်းမှုများရှိလာသဖြင့် မွမ်းမံပြင်ဆင် ဆောက်လုပ်ရန် လိုအပ်လာရာ ငွေကြေးနှင့် ပစ္စည်းများလှူဒါန်းကြပါရန် ဖိတ်ခေါ်ထားသည်။ လှူဒါန်းလိုသူများသည် ဒေါ်သိက္ခာစာရီနှင့် ဒေါ်အရိယာနန္ဒီ ဖုန်း-၀၁-၃၇၄၆၇၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

အမေရိကန်၌ မုန်တိုင်းတိုက်ခတ် လေယာဉ်ခရီးစဉ်များရွှေ့ဆိုင်းခဲ့ရ

တက္ကဆက် ဇွန် ၂၆

အမေရိကန်နိုင်ငံ တက္ကဆက် ပြည်နယ်တွင် ဇွန် ၂၆ ရက်က မုန်တိုင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးပြီး သစ်ပင်များပြိုလဲကာ ဓာတ်အားလိုင်းများ ပြတ်တောက်သွားခဲ့ကြောင်း အမေရိကန်မိုးလေဝသဗျူရိုက သတင်းထုတ်ပြန်သည်။

တိုက်ခတ်

မုန်တိုင်း တိုက်ခတ်မှုကြောင့် တက္ကဆက် ပြည်နယ်တွင် လေယာဉ်ခရီးစဉ်များ ရွှေ့ဆိုင်းထားခဲ့ရသည်။ ဟယ်လ်တန်မြို့၌ မုန်တိုင်းကြောင့် လူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်းမုန်တိုင်းသည် တစ်နာရီလျှင် မိုင် ၆၀ နှုန်း တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မက္ကဆီကိုပင်လယ်ကွေ့၌ မုန်တိုင်းတိုက်ခတ် နေအိမ်များပျက်စီး၊ ရေနံလုပ်ငန်းများရပ်ဆိုင်း

မက္ကဆီကိုစီးတီး ဇွန် ၂၆

မက္ကဆီကိုနိုင်ငံ ကမ်းလွန်ရှိ မက္ကဆီကိုပင်လယ်ကွေ့တွင် ဇွန် ၂၆ရက် နံနက်ပိုင်းက မုန်တိုင်းတိုက်ခတ်ရာ ကမ်းလွန်ရေနံရှာဖွေရေးလုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ကြောင်း မက္ကဆီကိုနိုင်ငံ မိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။

ရပ်ဆိုင်းထား

အဆိုပါမုန်တိုင်းသည် တစ်နာရီလျှင် ၆၅မိုင်နှုန်း တိုက်ခတ်ခဲ့ခြင်း ဖြစ်ပြီး မက္ကဆီကိုနိုင်ငံ မြောက်ဘက်ကမ်းရိုးတန်းကို ဦးတည်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ ယင်းမုန်တိုင်းကြောင့် ပင်လယ်ပြင်တွင် ၁၀ပေခန့်မြင့်သော လှိုင်းလုံးများဖြစ်ပေါ်ခဲ့ရာ ပင်လယ်ပြင်၌ သင်္ဘောများသွားလာမှု ရပ်ဆိုင်းထားခဲ့ရသည်။

မုန်တိုင်း တိုက်ခတ်မှုကြောင့် မက္ကဆီကိုနိုင်ငံ အရှေ့မြောက်ဘက် မွန်ထရီမြို့တွင် နေအိမ်များပျက်စီးကာ ဓာတ်တိုင်များပြိုလဲပြီး **(အပေါ်ပုံ)** မိုးသည်းထန်မှုကြောင့် ရေလွှမ်းမှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

ဂျပန်၌ ရစ်ချ်တာစကေး ၆ရှိ ငလျင်လှုပ် နေအိမ်နှင့် အဆောက်အအုံအချို့ပျက်စီး

တိုကျို ဇွန် ၂၆

ဂျပန်နိုင်ငံမြောက်ပိုင်းတွင် ဇွန်၂၆ရက် နံနက်က ရစ်ချ်တာစကေး ၆ ရှိ အင်အားပြင်း ငလျင်လှုပ်သွားခဲ့ကြောင်း ဂျပန်နိုင်ငံမြေငလျင်ဗျူရိုက ပြောကြားသည်။

ငလျင်လှုပ်သည့်ဒေသမှာ ဂျပန်နိုင်ငံမြောက်ပိုင်း ဟိုကိုင်းဒိုးကျွန်းကမ်းလွန်၌ဖြစ်ပြီး ဇွန်၂၆ရက် ဒေသစံတော်ချိန် ၈နာရီ၃၇မိနစ်ကလှုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းငလျင်လှုပ်မှုကြောင့် ဟိုကိုင်းဒိုးမြို့တွင် အဆောက်အအုံနှင့် နေအိမ်များယိမ်းထိုးလှုပ်ခါသွားပြီး နေအိမ်နှင့် အဆောက်အအုံအချို့ပျက်စီးကာ (အောက်ပုံ) လူအချို့ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်၌ ဖန်ရှုန်မုန်တိုင်းကြောင့် သေဆုံးသူ၆၂၂ဦးအထိတိုးလာ

မနီလာ ဇွန် ၂၆

ဖိလစ်ပိုင်နိုင်ငံတွင် မကြာမီက တိုက်ခတ်ခဲ့သော ဖန်ရှုန်မုန်တိုင်းကြောင့် ဇွန် ၂၆ရက် မွန်းလွဲပိုင်းအထိ သေဆုံးသူစုစုပေါင်းမှာ ၆၂၂ဦးရှိပြီဖြစ်ကြောင်း ဖိလစ်ပိုင် သဘာဝဘေး ပူးပေါင်းဆောင်ရွက်ရေး ကော်မတီက ပြောကြားသည်။

ဖန်ရှုန်မုန်တိုင်းကြောင့် နစ်မြုပ်ခဲ့သော ခရီးသည်တင်သင်္ဘောမှ ပျောက်ဆုံးနေသူများကို ရှာဖွေလျက်ရှိရာ ဇွန် ၂၆ရက်အထိ သေဆုံးသူ ၁၂၄ဦး ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

မြန်မာ့အလင်း မိုးလေဝသသတင်း

သန်းသန်းနု ကိုးကားတင်ပြသည်

မြန်မာ့ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်၌ လှိုင်းကြီးနိုင်

ရန်ကုန် ဇွန် ၂၆

ဇွန်၂၆ရက်က မိုးလေဝသအခြေအနေကိုဖော်ပြရလျှင် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတွင် နေရာစိပ်စိပ်မိုးရွာခဲ့ပြီး ရှမ်းပြည်နယ်၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့၌ နေရာကျဲကျဲမိုးရွာခဲ့သည်။ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျားမိုးရွာခဲ့သည်။ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။



ဇွန် ၂၇ ရက် **(ယနေ့)** ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲမိုးရွာနိုင်ပြီး၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့၌ နေရာကွက်ကျားမိုးရွာနိုင်သည်။ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဇွန်၂၇ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်မူ နေသာချိန်ရှိပြီး မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မုတ်သုံလေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

လှိုင်းကြီးနိုင်

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပြီး ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

ဇွန် ၂၆ ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

ရေးမြို့	၄ ဒသမ ၆၈ လက်မ
ကျောက်ဖြူ	၃ ဒသမ ၂၇ လက်မ
မြိတ်	၃ ဒသမ ၀၇ လက်မ
ဘားအံ	၂ ဒသမ ၄၄ လက်မ
ညောင်လေးပင်	၂ ဒသမ ၄၀ လက်မ
သထုံ	၁ ဒသမ ၉၇ လက်မ
ထားဝယ်	၁ ဒသမ ၇၃ လက်မ

ကိုးကား-မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

ရေပြင်မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်။

အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း သာဂရစက်မှုနယ်မြေရှိ မြေထိုး၊ မြေတူး ယန္တရားထုတ်လုပ်မှု စက်ရုံစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၂)

စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက် ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း သာဂရစက်မှုနယ်မြေစစ်ဆေးမှာကြား

နေပြည်တော် ဇွန် ၂၆

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ဒုတိယဝန်ကြီးများဖြစ်သော ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် ဗိုလ်ချုပ်ကျော်စွာခိုင်တို့ လိုက်ပါလျက် ဇွန် ၂၂ရက်က ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန သာဂရစက်မှုနယ်မြေသို့ ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှမြင့်သိန်းက မြေထိုး၊ မြေတူး ယန္တရားထုတ်လုပ်မှုစက်ရုံစီမံကိန်း၏ စက်များရောက်ရှိမှု၊ တပ်ဆင်ပြီးစီးမှုနှင့်စမ်းသပ်လည်ပတ်မှု အခြေအနေတို့ကိုလည်းကောင်း၊ ဘက်စုံသုံးဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ၏ စက်များတပ်ဆင်ပြီးစီးမှု၊ စက်များ စမ်းသပ်လည်ပတ်မှုနှင့် မြန်မာ-ကိုရီးယား စက်မှုသင်တန်းကျောင်း ဆောက်လုပ်ပြီးစီးမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်တို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာ ထုတ်လုပ်မှုစက်ရုံစီမံကိန်း၏ ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက သာဂရစက်မှုနယ်မြေရှိ စီမံကိန်း အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု၊ လမ်းများဖောက်လုပ်ပြီးစီးမှု၊ ရေနှင့် လျှပ်စစ်ဓာတ်အားရရှိရေး စီစဉ်ထားရှိမှုနှင့် စီမံကိန်းနယ်မြေ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များစိုက်ပျိုးထားရှိမှုကို လည်းကောင်း အသီးသီးရှင်းလင်း တင်ပြကြသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးက စီမံကိန်းလုပ်ငန်း အချိန်မီပြီးစီးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် တက်တက်ကြွကြွ၊ ညီညီညွတ်ညွတ် ပူးပေါင်းကြိုးပမ်း ဆောင်ရွက်သွားရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်မှုနယ်မြေအတွင်း ဘက်စုံဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံစီမံကိန်းရှိ Ware House အတွင်း ကုန်ကြမ်းပစ္စည်းများ ဖြည့်ဆည်းထားရှိမှု၊ မြေထိုး၊မြေတူး ယန္တရားစက်ရုံစီမံကိန်း၏ Metal Forming Shop နှင့် Assembly Shop တို့ကို ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာ စက်ရုံအဆောက်အအုံ တည်ဆောက်မှုနှင့် မြန်မာ-ကိုရီးယား စက်မှုသင်တန်းကျောင်း တည်ဆောက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးနှင့် စစ်ကိုင်းတိုင်းမှ တရားသူကြီးများအား တရားသူကြီးချုပ် ဦးအောင်တိုးတွေ့ဆုံ

မန္တလေး ဇွန် ၂၆

တရားသူကြီးချုပ် ဦးအောင်တိုးသည် တရားရုံးချုပ် နေပြည်တော်မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၄ ရက် မွန်းလွဲပိုင်းက မန္တလေးမြို့သို့ ရောက်ရှိကြသည်။

တရားသူကြီးချုပ် ဦးအောင်တိုးသည် မွန်းလွဲ၁နာရီတွင် တရားရုံးချုပ် (မန္တလေး) အစည်းအဝေးခန်းမ၌ တရားရုံးချုပ် (မန္တလေး) မှ ဒုတိယတရားသူကြီးချုပ်နှင့် တရားရုံးချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးများ၊ တွဲဖက်ညွှန်ကြားရေးမှူးများ၊ တရားရေးအရာရှိများ၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့မှ တိုင်း၊ ခရိုင်၊ မြို့နယ်တရားသူကြီးများ၊ ဦးစီးအရာရှိများနှင့် တွေ့ဆုံပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမှာစကားများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။(**အောက်ပုံ**) (က-ပ)

ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၂၆

ဝိပဿနာဂရု တာဝန်ထမ်းဆောင်လိုသော ရဟန်းသိက္ခာ ရှစ်ဝါမှအထက် ၁၅ဝါ အတွင်းရှိ ဂိုဏ်းပေါင်းစုံမှ ရဟန်းတော်အရှင်မြတ်များသည် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ တေဇစက္ကီ မဟာထေရ် နိဿယပေးတော်မူသော မြတ်ဗုဒ္ဓ၏ ဓာတု မနသီကာရ-ပဗ္ဗခန္ဓာ ကိုယ်တွေ့ဓာတ်တရား၊ ကလာပ်တရား၊ ပရမတ်တရား ပွားများ၍ ယောဂီများအား တရားပြန်လည် ပြသပြီး သာသနာပြုတော်မူနိုင်ရန် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဝါတွင်းကာလ (ရက်ပေါင်း ၉၀)သင်တန်းကို (၁၃၇၀ ပြည့်နှစ် ဝါဆိုလဆန်း ၁၄ ရက်) ဇူလိုင် ၁၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီမှစ၍ နေ့စဉ်ပို့ချမည်ဖြစ်သည်။

သင်တန်းတက်လိုသော ရဟန်း၊ ယောဂီများသည် ပထမငယ်၊ ပထမလတ်တန်း ပညာအရည်အချင်းရှိပြီး ဝါဆိုလဆန်း ၅ ရက် နောက်ဆုံးထား၍ ဝင်ခွင့်ပုံစံဖြည့်စွက် တင်သွင်းရန် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၈ မိုင် ဖေယျာခေမာလမ်း တေဇစက္ကီ ကမ္မဋ္ဌာန်းတိုက် ဖုန်း-၆၆၀၁၀၃ သို့ ကြွရောက်၍ ပုံစံလျှောက်လွှာများ တင်သွင်းရမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဆရာတော် ဦးသုမင်္ဂလ တရားပွဲ

ရန်ကုန် ဇွန် ၂၆

မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် မိဂဒါဝန်ကျောင်းတိုက် မိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာ ဆရာတော် ဦးသုမင်္ဂလ အရှင်သူမြတ်သည် ရန်ကုန်တိုင်း တာမွေမြို့နယ် ဗိုလ်ချုပ်ရေအိုးစင်(ရွာမ)ရပ်ကွက် ၁၅၁လမ်းရှိ ''ဇ''ဓမ္မာရုံကြီး၌ ဇွန် ၂၉ရက် (တနင်္ဂနွေနေ့) ည ၇နာရီတွင် ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် တရားဒေသနာတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ရာ တရားတော်နာ ကြွရောက်ကြပါရန် ဓမ္မမိတ်ဆွေများအား ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ဘိုကလေးမြို့နယ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇွန် ၂၀ ရက် ညနေပိုင်းက ဘိုကလေးမြို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဇရာဝတီတိုင်း လေဘေးသင့်ပြန်လည်ထူထောင်ရေး၊ လှေတည်ဆောက်ရေးစခန်းသို့ ရောက်ရှိပြီး လေဘေးသင့် ရေလုပ်သားများ အသုံးပြုရန် နိုင်ငံတော်မှ လှေများတည်ဆောက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ဘိုကလေးမြို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ ဖွင့်လှစ်ထားသည့် လေဘေးကယ်ဆယ်ရေး ကွပ်ကဲရေးရုံး၌ ကျင်းပသော အလှူငွေပေးအပ်ပွဲသို့ တက်ရောက်အားပေးရာ ဖြိုးစည်သူကုမ္ပဏီမှ ဦးကိုကိုအေးနှင့် ဦးရန်နိုင်တို့က ငွေကျပ် သိန်းတစ်ရာ တန်ဖိုးရှိ ကိုရီးယားမိုးရေကာစ ၅၀၀၊ NRDC ကုမ္ပဏီမှ ဦးမျိုးသက်က ငွေကျပ် ၇၅သိန်း တန်ဖိုးရှိ တာပေါ်လင်လိပ် ၅၀၊ Dowlet Sunlight Groupမှ ဦးကိုကိုလေးက ငွေကျပ်သိန်း ၁၅၀ တို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်းက လက်ခံသည်။

ဆက်လက်၍ ဝန်ကြီးသည် ဘိုကလေးမြို့ ခုတင်(၁၀၀)ဆံ့ ဆေးရုံဆောက်လုပ်ရန် မြေနေရာ၊ မြို့သစ်နှင့် မြို့ပေါ်ရပ်ကွက်များ ဆက်သွယ်နိုင်မည့် လမ်းများဖောက်လုပ်နိုင်သည့်နေရာများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဇွန် ၂၂ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့နယ် ထော်ပိုင်ကျေးရွာ စာသင်ကျောင်းပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ လက်တွန်းထွန်စက်များဖြင့် လယ်ထွန်နေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက်ဝန်ကြီးသည် အတူလိုက်ပါလာသည့် ဘယ်လ်ဂျီယံနိုင်ငံမှ Mr.Tom ဦးဆောင်သော ဆေးကုသရေးအဖွဲ့က ကျေးလက်ပြည်သူများအား ဆေးဝါးကုသနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား အဝတ်အထည်နှင့် စားစရာများ ထောက်ပံ့ ပေးအပ်သည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် စက်ဆန်းကျေးရွာသို့ ရောက်ရှိပြီး ရေသန့်ထုတ်လုပ်နေမှု၊ စာသင်ကျောင်းများ ဆောက်လုပ်ပြီးစီးမှု၊ ကျေးရွာအတွင်း ပုံမှန်အတိုင်း ရောင်းဝယ်ဖောက်ကားနေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ဆွေးနွေးမှာကြား

ဝန်ကြီးသည် ဇွန် ၂၃ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကျေးရွာအတွင်း ပုံမှန်ရောင်းဝယ်ဖောက်ကားနေမှု၊ လေဘေးသင့်ပြည်သူများအတွက် အိမ်ရာများ ဆောက်လုပ်နေမှု၊ အခြေခံပညာမူလတန်းကျောင်း၌ စာသင်ကြားနေမှု၊ ရေသန့်စက်ဖြင့် ရေသန့်ထုတ် လုပ်ပေးနေမှုများကိုကြည့်ရှုစစ်ဆေးပြီး(**အပေါ်ပုံ**)ကျေးရွာရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးအတွက် လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ကျွန်းသာယာကျေးရွာနှင့် သရော်ချောင်းကျေးရွာတို့၌ မကျန်းမာသူများအား ဆေးဝါးကုသပေးခြင်း၊ အဝတ်အထည်နှင့် စားစရာများ ထောက်ပံ့ပေးအပ်ပြီး ကျေးရွာများတွင် လက်တွန်းထွန်စက်၊ ကျွဲ၊ နွား၊ မျိုးစပါးနှင့် စက်သုံးဆီ ထောက်ပံ့ပေးရန် လိုအပ်မှုနှင့် ထွန်ယက်စိုက်ပျိုးပြီးစီးမှု အခြေအနေများ ဆွေးနွေး၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဝန်ကြီးသည် ဇွန် ၂၄ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့နယ် ဟေမာန်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ တာဝန်ရှိသူများနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လိုအပ်ချက်များ ရရှိရေးနှင့် ထွန်ယက်စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ဆွေးနွေးပြီး ကျေးရွာအတွက်ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

အလှူငွေပေးအပ်ပွဲ

ထို့နောက် မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့ လေဘေးကယ်ဆယ်ရေး ကွပ်ကဲရေးရုံး၌ အလှူငွေပေးအပ်ပွဲကို ကျင်းပရာ အခမ်းအနားတွင် ဂီတစာဆို ဘိုကလေးတင့်အောင်က လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လူမှုကရုဏာအသင်းအတွက် အလှူငွေကျပ်သိန်း၅၀၊ ကဒ်ုံတံတားအတွက် အလှူငွေကျပ်သိန်း ၅၀၊ လေဘေးသင့် ဂီတအစည်းအရုံး အဖွဲ့ဝင် ၁၈ဦးအတွက် အလှူငွေများကို လည်းကောင်း၊ Myanmar Conpassion Project ကုမ္ပဏီမှ ဒါရိုက်တာ ဦးရှမ်ရိုမုန်က ခြင်ထောင်အလုံး၁၀၀၀နှင့် ကျေးရွာလေးရွာအတွက် ဆန်၊ ဆီ၊ ဆားတို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြပြီး ဝန်ကြီးက ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချစ်ရှုခေါ်သည်... လိုက်တော်မူခဲ့

ဗုဒ္ဓမြတ်စွာဘုရားက (ဝိဝါဒေါ ဘယံ၊ အဝိဝါဒေါခေမံ) ''အယူဝါဒ အမျိုးမျိုးကြောင့် ဘေးဒုက္ခအန္တရာယ် ရောက်ကြရသည်။ အယူဝါဒ မကွဲပြားဘဲ မှန်ကန်ဖြောင့်မတ်သည့် အယူဝါဒ တစ်ခုတည်းသာလျှင် ငြိမ်းအေးရာခရီးသို့ သွားရာလမ်းဖြစ်သည်'' လို့ လမ်းမှန်ညွှန်ပြ ဆိုဆုံးမ ထားပါတယ်။

မြန်မာနိုင်ငံဟာ အယူဝါဒအမျိုးမျိုး ကွဲပြားခြားနားမှုတွေကြောင့် ဘေးဒုက္ခ အန္တရာယ်အဖုံဖုံနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ နိုင်ငံပါ။ ကနေ့ထိ တိုင်လည်း အဲဒီအန္တရာယ် စက်ကွင်းထဲ မရောက်ရောက်အောင် တွန်းပို့ နေကြသူတွေ ရှိနေသေးတာ တွေ့နေရပြန်ပါတယ်။

အချင်းချင်း သဘောထားကွဲလွဲမှုမျိုးတွေ၊ သဘောထားမညီမျှမှုတွေ ဆိုတာက အနည်းအကျဉ်းတော့ ရှိမှာပါပဲ။ ဒါဟာ ဝိရောဓိမျှသာဖြစ်လို့ ပဋိပက္ခအသွင်ရောက်အောင်အထိ မနိုင်ဝန်ကို ထမ်းမလာစေချင်ပါဘူး။ ဒီလိုနေရာမျိုးမှာ ငါတကော မကောဘဲ အများရဲ့ဆန္ဒကို လေးစားလိုက်နာ တာဟာ ဒီမိုကရေစီရဲ့ အနှစ်သာရပဲ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအတည်ပြုပြီး နိုင်ငံတော်အာဏာ လွှဲပြောင်းခြင်းသည်သာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ ထွန်းကားပြန့်ပွားရေး အတွက် ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးဖြစ်ကြောင်း ပြည်သူတွေက ယုံကြည်လက်ခံထားကြပါတယ်။ ဒါဟာ မြန်မာနိုင်ငံအတွက် မကွဲပြား မခြားနားဘဲ မှန်ကန်ဖြောင့်မတ်တဲ့ တစ်ခုတည်းသော အယူအဆဟာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ကိန်းဝပ်တည်ရှိနေလို့ပဲ ဖြစ်ပါတယ်။

အဲဒီအယူအဆဟာ ဘာလဲ။ မြန်မာနိုင်ငံမှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းရေးတို့အတွက် တပ်မတော်နဲ့ နိုင်ငံရေး ပါတီတွေ၊ တပ်မတော်သားတွေနဲ့ နိုင်ငံရေးသမားတွေ လက်တွဲမဖြုတ်ဘဲ အားထုတ်ကြိုးပမ်း စွမ်းစွမ်းတမံ ထမ်းဆောင်ကြမှ အောင်မြင်မယ်ဆိုတဲ့ အယူအဆပဲ ဖြစ်ပါတယ်။

အဲဒီအယူအဆကို အခု ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနဲ့ တစ်ခဲနက် အတည်ပြုပြဋ္ဌာန်းလိုက်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ''နိုင်ငံတော် အခြေခံမူများ'' အခန်းမှာ အတိအလင်း ထည့်သွင်းပြဋ္ဌာန်းထားသလို ''အခန်း(၇) တပ်မတော်''နဲ့ ''အခန်း(၁၀) နိုင်ငံရေးပါတီများ'' ဆိုပြီး အခန်းကဏ္ဍ အလိုက် ထည့်သွင်းပြဋ္ဌာန်းပေးထားတာကိုလည်း လေ့လာတွေ့ရှိနိုင် ပါတယ်။

ဆိုရရင် မြန်မာနိုင်ငံအတွက် တပ်မတော်သားတွေနဲ့ နိုင်ငံရေးသမား တွေဆိုတာ ခေါင်းနဲ့ပန်းလိုပါပဲ။ ခွဲခြားလို့မရနိုင်ခဲ့ကြောင်း သမိုင်း ကြောင်းက သက်သေပြနေပါတယ်။ အမျိုးသားလွတ်မြောက်ရေးနဲ့ နယ်ချဲ့ဆန့်ကျင်ရေးကို နိုင်ငံရေးနိုးကြားတက်ကြွမှုနဲ့ ဦးစီးဦးဆောင်ပြုခဲ့တဲ့ အမျိုးသားနိုင်ငံရေးသမားတွေကပဲ တပ်မတော်ကို ထူထောင်ဖွဲ့စည်း ခဲ့ကြတယ်။ အဲဒီ တပ်မတော်နဲ့ နိုင်ငံရေးသမားတွေ ပေါင်းစည်းထားတဲ့ အမျိုးသားရေးအင်အားစုကြီးရဲ့ စွမ်းပကားနဲ့ လွတ်လပ်ရေးကို ရယူနိုင် ခဲ့တယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံတော်တည်ဆောက်ရေးနဲ့ ဒီမိုကရေစီထွန်းကားရေးအပိုင်းရောက်တော့ နယ်ချဲ့ဗြိတိသျှတို့ရဲ့ အစီအမံအတိုင်း အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍကနေ တပ်မတော်ကို ဘေးဖယ်ထားခဲ့ကြတာ ဖြစ်ပါတယ်။

ဒီအချက်ကို သမိုင်းကြောင်းမှာ ကွက်ကွက်ကွင်းကွင်း တွေ့ရှိနိုင် ပါတယ်။ ရှေ့မီ နောက်မီ တပ်မတော်သားဟောင်းကြီးတွေနဲ့ နိုင်ငံရေး သမားဟောင်းကြီးတွေ အသိဆုံးဖြစ်ပါတယ်။ အခြေအနေအားလုံးကို လွှမ်းခြုံနေတဲ့ ခိုင်လုံသော သက်သေစကားတစ်ခုနဲ့ပဲ ဥပမာပြုချင်ပါတယ်။ ၁၉၄၅ခုနှစ် မေလ ၂၅ရက်နေ့မှာ မြန်မာနိုင်ငံ ဘုရင်ခံ ဆာဒေါမန်စမစ် က ဗိုလ်ချုပ်ပီးယားစ် Major General Pearce ဆီကို မြန်မာ့ တပ်မတော်နဲ့စပ်လျဉ်းပြီး အခုလို စာရေးသားပေးပို့ခဲ့တာပါ။

''မြန်မာအမျိုးသားတပ်မတော်သည် နိုင်ငံရေးအရ ပေါ်ပေါက်လာ သော တပ်မတော်ဖြစ်သည်။ယခုပစ္စုပ္ပန်တွင်လည်း နိုင်ငံရေးသဘောတရား ခံယူချက်ဖြင့် ရပ်တည်နေသည်။ နောင်တွင်လည်း ထိုနည်းလည်းကောင်း ရပ်တည်သွားမည်ဖြစ်သည့်အပြင် မြန်မာ့နိုင်ငံရေးတွင် အဆုံးအဖြတ်ပေး နိုင်လောက်အောင် ဩဇာကြီးမားသော တပ်မတော်အဖြစ် ရပ်တည်နေမည် သာဖြစ်သည်။ ၎င်းတို့ကို ယခုအချိန်မှာ တင်းတင်းကျပ်ကျပ် ချုပ်ကိုင် မထားပါက မိမိတို့အတွက် အခက်အခဲပြဿနာ ကြုံရမည်မှတစ်ပါး အခြားမရှိပါ''

အဲဒါကြောင့် နယ်ချဲ့ဗြိတိသျှတွေက တပ်မတော်ကို ကန္ဒီစာချုပ်၊ လကျ်ာ-ဖရီးမင်းစာချုပ် စတာတွေနဲ့ထိန်းချုပ်ပြီး အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍကနေ စစ်တန်းလျားကို ပြန်ပို့ပစ်ခဲ့ကြတာဖြစ်တယ်။ မြန်မာ့နိုင်ငံရေးခရီးနဲ့ တပ်မတော်ကို တစ်သီးတစ်ခြား ခွဲထုတ်ပစ်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီအကျိုးဆက်ကြောင့် နောက်ဆက်တွဲပြဿနာတွေ ပေါ်လာခဲ့ရတာပါပဲ။ **တပ်မတော် မပါဝင်ခဲ့တဲ့ ပါလီမန်ဒီမိုကရေစီခေတ်ရဲ့ နိုင်ငံရေးနိဂုံးမှာ ပြည်ထောင်စုပြိုကွဲလုနီးပါး ဖြစ်ခဲ့ရတယ်။ နိုင်ငံရေး ပါတီတွေ မပါဝင်ခဲ့တဲ့ လမ်းစဉ်ပါတီခေတ်ရဲ့ နိုင်ငံရေးနိဂုံးမှာလည်း တိုင်းပြည်ပျက်လုမခန်း ဖြစ်ခဲ့ရတယ်။ ဒါဟာ မြန်မာနိုင်ငံအတွက် ခေတ်နှစ်ဆက် ပေးဆပ်ခဲ့ရတဲ့ သမိုင်းသင်ခန်းစာတွေပါ။**

အဲဒီသင်ခန်းစာတွေအရ တပ်မတော်အစိုးရဟာ နိုင်ငံရေးပါတီတွေ၊ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့တွေနဲ့ လက်တွဲပူးပေါင်းပြီး နိုင်ငံတော် သစ်ကို ထူထောင်တည်ဆောက်ဖို့ ကြိုးပမ်းခဲ့တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် ကျင်းပတဲ့ အမျိုးသားညီလာခံမှာ တိုင်းရင်းသား ကိုယ်စားလှယ်တွေ၊ လူထုလူတန်းစား အလွှာစုံမှ ကိုယ်စားလှယ်တွေ၊ နိုင်ငံ့ဝန်ထမ်းတွေနဲ့ တတ်သိပညာရှင် ကိုယ်စားလှယ်တွေနဲ့အတူ နိုင်ငံရေး သမား ကိုယ်စားလှယ်တွေကိုရော၊ တပ်မတော်သား ကိုယ်စားလှယ်တွေ ကိုပါ ဖိတ်ကြားစုစည်း ကျင်းပပေးခဲ့တယ်။ ဒါဟာ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးနဲ့ အမျိုးသားရေးအင်အားစုကြီး စုစည်းဖြစ်တည် ရေးကို ရှေးရှုဖော်ဆောင်ပေးခဲ့တာ ဖြစ်ပါတယ်။

ဒါပေမယ့် NLD ပါတီကတော့ တစ်လွဲဆံပင်ကောင်းခဲ့တယ်။ မြန်မာ့ နိုင်ငံရေးခရီးကို ချဉ်းကပ်ရာမှာ နယ်ချဲ့ဗြိတိသျှရဲ့ မူဝါဒအတိုင်း၊ ပါလီမန် ဒီမိုကရေစီခေတ်ကာလအတိုင်း ချဉ်းကပ်ခဲ့တယ်။ တပ်မတော်ကတော့ နိုင်ငံရေးအရ ပါတီစုံ မပါဝင်တဲ့ တစ်ပါတီစနစ်ကို ချုပ်ငြိမ်းစေခဲ့တယ်။ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးခဲ့တယ်။ အဲဒီခေတ်ဟောင်းတွေကို ကိုယ်စားပြုခဲ့တဲ့ အခြေခံဥပဒေနှစ်ရပ်အစား မျက်မှောက်ခေတ်သစ်နဲ့ လိုက်လျောညီထွေဖြစ်မယ့် အခြေခံဥပဒေ ပေါ်ပေါက်ရေးလမ်းကြောင်းကို ရှေးရှုဖော်ဆောင်ပေးခဲ့တာ အားလုံးအသိပါ။

လေ့လာသူတစ်ဦး

အဲဒီလမ်းကြောင်းမှန်ကို NLD အပါအဝင် တရားဝင်တည်ရှိနေတဲ့ နိုင်ငံရေးပါတီ (၁၀)ပါတီစလုံးက နားလည်လက်ခံလို့ အမျိုးသားညီလာခံ ကို သုံးနှစ်သုံးမိုးအထိ တက်ရောက်ခဲ့ကြတယ်မဟုတ်လား။ ဒါပေမယ့် ၁၉၉၅ခုနှစ် ဇူလိုင်လအတွင်း နေအိမ်မှာ တားဆီးကန့်သတ် ထားရာကနေ ဒေါ်စုကြည် ပြန်လွတ်လာပြီးနောက်ပိုင်း NLD ပါတီအတွင်းမှာ ပျော့ပျောင်း တဲ့ နိုင်ငံရေးအယူအဆနဲ့ တင်းမာတဲ့ နိုင်ငံရေးအယူအဆနှစ်ရပ် အားပြိုင် ဖြစ်ပေါ်ခဲ့ကြောင်း တွေ့နိုင်ပါတယ်။

အဲဒီအားပြိုင်မှုမှာ တင်းမာတဲ့အုပ်စုက အသာစီးရသွားပြီး အမျိုးသား ညီလာခံကို ကျောခိုင်းပစ်ပယ်မှုကနေ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်တဲ့ အထိ လုပ်နေခဲ့တာဖြစ်တယ်။ အဲဒီလုပ်ရပ်တွေကြောင့် NLD နဲ့ လမ်းခွဲ ထွက်သူတွေ၊ နုတ်ထွက်သူတွေ အမြောက်အမြားရှိလာခဲ့ပါတယ်။ NLD အတွင်း တင်းမာတဲ့ နိုင်ငံရေးအယူအဆနဲ့ ပျော့ပျောင်းတဲ့ နိုင်ငံရေးအယူအဆ နှစ်ရပ်ကို အတွင်းကျကျ ဆန်းစစ်ဖော်ပြခဲ့သူကတော့ မိုးညိုမြို့နယ် NLD ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တရားရုံးရှေ့နေ ဦးထွန်းရွှေဖြစ်ပါတယ်။ ဦးထွန်းရွှေက ''သမိုင်းတွင် ယှဉ်ပြိုင်မြဲ အယူအဆနှစ်ရပ်''ခေါင်းစဉ်နဲ့ ၂၀၀၀ပြည့်နှစ်ကတည်းက သတင်းစာဆောင်းပါး ရေးသားတင်ပြခဲ့တာပါ။ NLD ရဲ့ ယနေ့ရပ်တည်လုပ်ဆောင်မှုကို ပါတီဝင်တွေကိုယ်တိုင် ပြန်လည် သုံးသပ် ပြုပြင်နိုင်ဖို့ အဲဒီဆောင်းပါးထဲမှ အဓိကအချက်တွေကို ကောက်နုတ် ဖော်ပြလိုက်ပါတယ်။

''ယခင်အတိတ် မြန်မာ့နိုင်ငံရေးလောကတွင် အားပြိုင်ခဲ့သည့် တင်းမာသော အယူအဆနှင့် ပျော့ပျောင်းသော အယူအဆနှစ်ရပ်ရှိသကဲ့သို့ NLD ပါတီအတွင်း၌လည်း ယင်းသို့သော နိုင်ငံရေးအယူအဆနှစ်ရပ်သည် အတွင်းပဋိပက္ခ (Self Contradict) အားပြိုင်ခဲ့ပါသည်။

* တင်းမာသော နိုင်ငံရေးအယူအဆမှာ-
- အနောက်တိုင်း ဒီမိုကရေစီနိုင်ငံကြီးများတွင် ကျင့်သုံးနေသည့် ဒီမိုကရေစီစနစ်ကို မြန်မာ့နိုင်ငံရေးလောက၌ အကြွင်းမဲ့ကျင့်သုံး အကောင်အထည်ဖော်ရမည်။
- မြန်မာ့တပ်မတော်၏ အမျိုးသားနိုင်ငံရေး အစဉ်အလာကို ထောက်ထားမှုပြုရန်မလို။
- တပ်မတော်သည် စစ်တန်းလျားသို့သာ ပြန်ရမည်။
- နိုင်ငံတော်အာဏာကို ပြည်သူ့ကိုယ်စားလှယ်များအား အကြွင်းမဲ့ အပ်နှင်းရမည်။
- ဒီမိုကရေစီမကျသည့် အမျိုးသားညီလာခံသို့ တက်ရောက်ရန် မလို။
- အမျိုးသားညီလာခံမှ ရေးဆွဲမည့် အခြေခံဥပဒေအရ လွှတ်တော် ကိုယ်စားလှယ် ရွေးချယ်တင်မြှောက်ပွဲများ ပြုလုပ်ရန်မလို။
- ပြည်သူ့လွှတ်တော် အမြန်ခေါ်ယူပေးရမည်။
- ပြည်သူ့လွှတ်တော် ခေါ်ယူပေးမှုမရှိလျှင် လွှတ်တော်ကိုယ်စားပြု ကော်မတီဖွဲ့စည်းမှုသည် မှန်ကန်သည်။
- နိုင်ငံတော်အာဏာကို NLD အား အပ်နှင်းမှုမပြုသမျှ နိုင်ငံခြားမှ စီးပွားရေး ပိတ်ဆို့ထားရမည်။
- NLD ပါတီမှ ချမှတ်ထားသည့် Mandate အရ ဒေါ်စုကြည် မပါဘဲ နယကနှင့် တွေ့ဆုံဆွေးနွေးမှု မပြုလုပ်ရ

စသည့် တင်းမာသော အယူအဆပင် ဖြစ်ပါသည်။

* ပျော့ပျောင်းသော NLD နိုင်ငံရေးသမားများကမူ
- မြန်မာ့တပ်မတော်၏ အမျိုးသားနိုင်ငံရေး အစဉ်အလာကို ထည့်သွင်းစဉ်းစားရမည်။
- မြန်မာ့တပ်မတော်၏ လက်ရှိလုပ်ဆောင်နေသည့် လုပ်ငန်းများ အပေါ် ဝေဖန်သုံးသပ်ရာတွင် အဆိုးမြင်သက်သက်မှ သုံးသပ်ရန် မသင့်။
- နိုင်ငံဖွံ့ဖြိုး သာယာရေးအပေါ် လက်ခံကြိုဆိုရမည်။
- အနောက်တိုင်း ဒီမိုကရေစီကို လက်ရှိမြန်မာ့နိုင်ငံရေး အခြေအနေ တွင် ကျင့်သုံးရန်မသင့်။
- လက်ရှိအခြေအနေတွင် မြန်မာ့တပ်မတော်ကို ပစ်ပယ်တိုက်ခိုက် ရန် မသင့်။
- အချိန်အတိုင်းအတာ တစ်ရပ်အနေဖြင့် တပ်မတော်နှင့် ပူးတွဲ လုပ်ဆောင်သင့်သည်။
- လက်ရှိအခြေအနေတွင် မြန်မာ့တပ်မတော် မပါဝင်ဘဲ လုပ်ဆောင်၍မရ။
- လက်ရှိ မြန်မာ့နိုင်ငံရေးအခြေအနေကို သုံးသပ်ရာတွင် နှစ်ပေါင်း ၄၀ကျော် မြန်မာ့နိုင်ငံရေးတွင် ပါဝင်ခဲ့သည့် တပ်မတော်၏ အခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားရမည်။ ထိုမှသာ အမျိုးသား စည်းလုံးညီညွတ်မည်။ နိုင်ငံတော် အေးချမ်းသာယာမည်။
- မြန်မာနိုင်ငံအခြေအနေကို သုံးသပ်ရာတွင် ပထဝီနိုင်ငံရေး (Geopolitics) အမြင်ဖြင့် မြန်မာနိုင်ငံ၏ မြောက်ဘက် လူဦးရေ သန်း ၁၀၀၀ကျော်ရှိသည့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၏ အခြေအနေကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။
- လွှတ်တော်ကိုယ်စားပြုကော်မတီသည် လက်တွေ့တွင် အလုပ် မဖြစ်ဘဲ အာဏာလက်ရှိ နယကနှင့် ပဋိပက္ခဖြစ်ကာ ကြီးမား ပြင်းထန်သည့် နိုင်ငံရေးပဋိပက္ခ (Tremendous Political Upheavel) ပေါ်ပေါက်စေမည်။
- စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ခြင်းကြောင့် လတ်တလော ပြည်သူလူထုကိုသာ နစ်နာဆုံးရှုံးစေမည်။
- ပြည်ပရောက် မြေအောက် NLD အဖွဲ့အစည်းများနှင့် အချိတ်အဆက်ပြုလုပ်သည့် နိုင်ငံရေးလှုပ်ရှားမှုများ မပြု လုပ်သင့်။
- အာဏာလက်ရှိ နယကနှင့် တွေ့ဆုံဆွေးနွေးရန် ရှေးဦးစွာ ယုံကြည်မှုတည်ဆောက်ရေး (Confidence Building) အတွက် ဒေါ်စုကြည်အနေဖြင့် ရင့်သီးသည့် စကားရပ်များဖြင့် နယကအား တိုက်ခိုက်ဝေဖန် ပြောဆိုမှုများ ရှောင်ကြဉ်သင့် သည်။
- ရွေးကောက်ပွဲမာန် မတက်သင့်ပေ။ ပြည်တွင်းရေးကို ပြည်တွင်း၌သာ ဦးစားပေး ဖြေရှင်းသင့်သည်

စသည့် ပျော့ပျောင်းသော အယူအဆပင်ဖြစ်ပါသည်။

အဲဒီအယူအဆနှစ်ရပ်အနက် ဘယ်အယူအဆဟာ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေနဲ့ ကိုက်ညီနေပါသလဲ။ တင်းမာသော နိုင်ငံရေး အယူ အဆကြောင့် NLD အတွင်း ဘယ်လိုရိုက်ခတ်ခဲ့ပါသလဲ။ **ပြည်သူလူထုက ဘယ်အယူအဆကို ယုံကြည်လက်ခံပြီး လက်တွေ့ကျင့်သုံး ဖော်ဆောင် ခဲ့ကြသလဲ။ နောက်ဆုံးမှာ မြန်မာနိုင်ငံရဲ့ အထွေထွေသော ပြဿနာတွေရဲ့ အဖြေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေသာ ဖြစ်ကြောင်း ပြည်သူလူထုက တစ်ခဲနက် ထောက်ခံအတည်ပြုပြီး ပြသလိုက်ပါပြီ။**

ခုအချိန်ဟာ အတိတ်ကို အတိတ်မှာပဲ ထားရစ်ခဲ့ရမယ့်အချိန် ဖြစ်ပါတယ်။ နာစရာရှိရင် လွှမ်းစရာနဲ့ ဖြေရပါမယ်။ ပြည်သူလူထု အတည်ပြုလိုက်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံရေးပါတီတွေရဲ့ အခန်းကဏ္ဍကို ပစ်ပယ်မထားပါဘူး။

အမှားလုပ်မိတာက လူ့သဘာဝ၊ ခွင့်လွှတ်နိုင်ခြင်းက မြင့်မြတ်ခြင်း To err is human, to forgive divine လို့ ဆိုစကား ရှိထားတယ် မဟုတ်လား။ ဒါကြောင့် ငြိမ်းအေးရာခရီးသို့ သွားရာလမ်းကနေ ''ချစ်၍ ခေါ်သည်၊ လိုက်တော်မူခဲ့၊ ပျော့ပျောင်းလှည့်''လို့သာ ဆိုပါရစေ။ ။

ခုအချိန်ဟာ အတိတ်ကို အတိတ်မှာပဲ ထားရစ်ခဲ့ရမယ့် အချိန် ဖြစ်ပါတယ်။ နာစရာရှိရင် လွှမ်းစရာနဲ့ ဖြေရပါမယ်။ ပြည်သူလူထု အတည်ပြုလိုက်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ မှာ နိုင်ငံရေးပါတီတွေရဲ့ အခန်းကဏ္ဍကို ပစ်ပယ်မထား ပါဘူး။

မူးယစ်ဆေးဝါးထုတ်လုပ်မှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများနှင့် ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေးနှင့်အသိပညာပေးလုပ်ငန်းတို့ဖြင့် နောင်အနာဂတ်ကိုမျှော်ကိုး၍ မူးယစ်ကင်းစင်ရေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၆

မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကကြီးမှူးကျင်းပသည့် ၂၀၀၈ခုနှစ် ဇွန်၂၆ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ (International Day Against Drug Abuse and Illicit Trafficking) အခမ်းအနားကို ယနေ့နံနက်၁၀နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါအခမ်းအနားသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ တရားသူကြီးချုပ်ဦးအောင်တိုး၊ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လူထုလှုပ်ရှားမှု

ရှေးဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကားပြောကြားရာတွင် ယနေ့သည် ဇွန် ၂၆ရက်ဖြစ်သည့်အတွက် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီး၌အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပနေချိန်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး ပြဿနာသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအနေဖြင့် ရင်ဆိုင်ဖြေရှင်း နေရသည့်

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုချီးမြှင့်ရန်အတွက် ကုလသမဂ္ဂ မှုခင်းဆိုင်ရာရုံးက လှူဒါန်းသည့် ငွေကျပ် ၂၂သိန်းငါးသောင်း၊အာရှမူးယစ်ဆေးဝါးအန္တရာယ် လျှော့ချရေးအဖွဲ့ကလှူဒါန်းသည့် ငွေကျပ်နှစ်သိန်းငါးသောင်း စုစုပေါင်း ငွေကျပ် ၂၅သိန်းကို UNODC မှ Programme Specialist Mr.Giorgl Pkhakadze က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြဿနာမျိုးမဟုတ်ဘဲ ကမ္ဘာ့နိုင်ငံတိုင်းနှင့် သက်ဆိုင်ပြီး လူသားတစ်ရပ်လုံးနှင့် အကျုံးဝင်ရင်ဆိုင်နေရသော ပြဿနာပင်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး အန္တရာယ်သည် ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနှင့် မဖွံ့ဖြိုးသေးသည့် နိုင်ငံအားလုံးကို ခြောက်လှန့်နေကြောင်း၊ မူးယစ်ဆေးဝါးပြဿနာသည် လူသားများ၏ ပြဿနာဖြစ်ကြောင်း၊ ယင်းကြောင့်ပင် ''ကမ္ဘာ့ပြဿနာမူးယစ်ဆေး၊ တစ်ကမ္ဘာလုံးက တိုက်ဖျက်ပေး'' ဆိုသည့်အတိုင်း မိမိတို့အနေဖြင့် ထိုအထိမ်းအမှတ်နေ့ရောက်တိုင်း မူးယစ်ဆေးဝါး၏ ဆိုးကျိုးပြဿနာကို လူထုအတွင်း ထိုးဖောက်သိမြင်၍ ရှောင်ရှားနိုင်အောင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ရန်ကုန်မြို့၌သာမကဘဲ သက်ဆိုင်ရာပြည်နယ်/တိုင်းအလိုက် တက်တက်ကြွကြွ လှုပ်ရှားလာခဲ့သည်မှာ ယခုနှစ်ပါဆိုလျှင် ၂၁နှစ်ရှိပြီးဖြစ်ကြောင်း။

ပညာပေးပြုစုကုသ

ယခုနှစ်၌ကျရောက်သည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးအထိမ်းအမှတ်နေ့၏ ဦးတည်ချက်မှာ '' မူးယစ်ဆေးလွှမ်းမိုး စိုးမိုးနေရင်မင်းဘဝ၊ မင်းမိသားစု၊ မင်းပတ်ဝန်းကျင် မလုံခြုံပါ'' ''No individual, family or community is safe where illicit drugs take control'' ဆိုသည့် ဆောင်ပုဒ်ပင် ဖြစ်ကြောင်း၊ ထိုဆောင်ပုဒ်၏ အဓိကဦးတည်ချက်မှာမူးယစ်ဆေးဝါးအန္တရာယ်သည် အများအားဖြင့် လူငယ်များအတွင်း ထိုးဖောက်ဝင်ရောက်နေရာယူနေခြင်းဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးကြောင့် အနာဂတ်သားကောင်းရတနာများဖြစ်သည့်လူငယ်များသည်ပန်းတိုင်မရောက်ခင် ပျက်စီးဆုံးရှုံးသွားရသည်က များကြောင်း၊ ထို့ကြောင့် လူငယ်များဘဝအတွင်းရော လူသားအားလုံး၏ ဘဝပတ်ဝန်းကျင် တစ်ခုလုံး၌ပါ မူးယစ်ဆေးဝါးဆိုသည့် အန္တရာယ်ဆိုးကြီးနှင့် ကင်းဝေးအောင် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်၍ နေရာမပေးဘဲတွန်းလှန်ဖြိုဖျက်ပစ်ရမှာဖြစ်သည်ဆိုသည့်အဓိပ္ပာယ်ကို ဖော်ညွှန်းလိုက်ခြင်းပင်ဖြစ်ကြောင်း၊မူးယစ်ဆေးဝါးဆိုသည့် အန္တရာယ်ဆိုးကြီးနှင့် ကင်းဝေးအောင် ဆောင်ရွက်ရာတွင်လည်း လူအများ နားလည်သဘောပေါက်အောင် ပညာပေးရန် အထူးလိုအပ်လှကြောင်း၊ မူးယစ်ဆေးဝါးသည် စိတ်ရောကိုယ်ပါ အန္တရာယ်ပြုနိုင်ပြီး စမ်းသပ်စွဲလမ်းသုံးစွဲမိပါက သုံးစွဲသူကိုယ်တိုင်သာမက ၎င်းနှင့်နီးစပ်နေသူ အားလုံးကိုပါ စိတ်ဆင်းရဲသောကရောက်စေနိုင်ကြောင်း၊မူးယစ်ဆေးကို အကြောတွင်း ထိုးသွင်းသုံးစွဲပါက အသက်ကို အန္တရာယ်ပြုနိုင်သည့် ရောဂါဆိုးများ အထူးသဖြင့် HIV/ AIDS ကဲ့သို့သော ရောဂါမျိုးကူးစက်လာနိုင်ကြောင်း၊ မူးယစ်ဆေးဝါးညှဉ်းပန်းနှိပ်စက်လာပြီဆိုပါက ဝင်ငွေ အနိမ့်အမြင့်၊ လူမျိုး၊ ရာထူး၊ အဆင့်အတန်းသာမက ပထဝီနေရာဒေသမရွေးပျက်စီးဆုံးရှုံးမှုဖြင့် ရင်ဆိုင်ရမှာဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထုတစ်ရပ်လုံးနှင့် ပြည်နယ်/တိုင်း/ခရိုင်/ မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များအနေဖြင့် မိမိတို့ဒေသ အသီးသီးရှိ မူးယစ်ဆေးဝါးအလွဲသုံးမိသဖြင့်ဆေးစွဲသူဘဝ ရောက်ရှိနေသူများကို မူးယစ်ဆေး၏ လွှမ်းမိုးမှုမှ ကင်းဝေးရန် ဘဝတစ်သက်တာမူးယစ်ကင်းစင်သည့်ဘဝ ပြန်လည်ရောက်ရှိအောင် ပညာပေးပြုစုကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် တိုက်တွန်းလိုကြောင်း။

တစ်ဆက်တည်းမှာပင်ကောင်းကျိုးမပေးသည့် မူးယစ်ဆေးဝါးကို မည်သည့်နည်းမျိုးနှင့်မှ သုံးစွဲခြင်းမျိုးမရှိအောင် ပြည်သူလူထုအတွင်း၊ အထူးသဖြင့်ကျောင်းသားလူငယ်များအတွင်း အသိပညာပေး လှုံ့ဆော်ခြင်းလုပ်ငန်းနှင့် ပညာပေးစည်းရုံးခြင်းလုပ်ငန်းများကို အလေးအနက်ထားရန် အလွန်လိုအပ်ကြောင်း၊ ယခုကဲ့သို့ ပြည်သူလူထုအတွင်းကို ထိုးဖောက်စည်းရုံးရာတွင် အထိရောက်ဆုံးနှင့် အအောင်မြင်ဆုံးဖြစ်သည့် စာပေ၊ ဂီတ၊ ပန်းချီ၊ ကာတွန်း၊ပိုစတာစသောအနုပညာရပ်နယ်ပယ်မှ ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးသိမ်းသွင်းသည့် အနေဖြင့် တစ်နိုင်ငံလုံး ဖိတ်ခေါ်ပြိုင်ပွဲများကျင်းပကာ ဆုရရှိသူများကို ဆုချီးမြှင့်ခဲ့သည့် အခမ်းအနားအဖြစ် ကျင်းပခဲ့ကြောင်း၊ ယခုလိုကျင်းပလာခဲ့သည်မှာ ယနေ့ဆိုလျှင်(၁၁)ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင်ကျန်သည့် ပြည်နယ်/တိုင်းအားလုံး၌ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့များ၏ အစီအစဉ်ဖြင့် ယခုကဲ့သို့ အခမ်းအနားကို ကျင်းပနေကြမှာ ဖြစ်ကြောင်း၊ ယခုကဲ့သို့ နေ့ထူးနေ့မြတ်၌ အခါအခွင့်ကြုံ၍ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ပပျောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုလည်း အကျဉ်းချုပ် တင်ပြလိုကြောင်း။

တားဆီးကာကွယ်

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ၁၉၉၃ခုနှစ်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ပိုမိုထိရောက်သည့် တားဆီးကာကွယ်မှုများကို ပြုလုပ်ခဲ့ကြောင်း၊ ၂၀၀၇ခုနှစ် ဇန်နဝါရီလ၌လည်း မူးယစ်ဗဟိုအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ပြည်နယ်/တိုင်း/ ခရိုင်/မြို့နယ်အဆင့်ဆင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များ ပြင်ဆင်ဖွဲ့စည်းပြီး တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် ချမှတ်ထားသည့် မဟာဗျူဟာ (၂)ရပ်၊ နည်းဗျူဟာ (၃)ရပ်တို့ကို မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများတွင်ဟန်ချက်ညီညီ ဆောက်ရွက်ခဲ့ကြောင်း၊ ထို့အပြင် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေအရပ်ရပ်နှင့်ကိုက်ညီမည့် မူးယစ်ဆေးဝါးပပျောက်ရေး(၁၅)နှစ်စီမံကိန်းကို ရေးဆွဲ၍ ၁၉၉၉-၂၀၀၀ ခုနှစ်မှစ၍ ချမှတ်ရေးဆွဲဆောင်ရွက်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

အရှိန်အဟုန်မြှင့်

ထိုကဲ့သို့ စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့၍လည်း ယခုအချိန်၌ နိုင်ငံအတွင်း ဘိန်းနှင့် ဘိန်းဖြူ ထုတ်လုပ်မှုသိသိသာသာ လျော့နည်းကျဆင်းခဲ့ပြီးဖြစ်ကြောင်း၊ သို့သော်လည်း ဘိန်းစိုက်ပျိုးထုတ်လုပ်သူနှင့် မသက်ဆိုင်ဘဲ ဓာတုပစ္စည်းများကို အခြေခံပြီး သိပ္ပံနည်းအရ ဖော်စပ်ထုတ်လုပ်သည့် ATS ဆေးပြား၊ Ketamine၊ ICE၊ Ecstasy စသော ခေတ်ပေါ်ဆေးဝါးများကလည်း နေရာယူလာသည့်အတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌ အိမ်နီးချင်းနိုင်ငံများက မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးအဖွဲ့များနှင့် သတင်းများ အပြန်အလှန်ဖလှယ်ခဲ့ကြပြီး ပြည်တွင်းပြည်ပ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်နေသည့်အဖွဲ့များကို တိုးမြှင့်ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း၊ထိုကဲ့သို့ မူးယစ်ဆေးဝါး ထုတ်လုပ်မှု ပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို ဆောင်ရွက်နေသကဲ့သို့ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေး ကဏ္ဍသည်လည်း အရေးကြီးသည့်အတွက် ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ပြည်သူများအား အသိပညာပေးနှိုးဆော်ရေးနှင့်ကျောင်းသားလူငယ်များအား အသိပညာပေး လုပ်ငန်းအဖွဲ့များကလည်း ၎င်းတို့အဖွဲ့များအလိုက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပြီး မိမိတို့ လက်ထက်သာမက မိမိတို့၏ သား သမီး၊ မြေးများခေတ်အထိ နောင်အနာဂတ်ကို မျှော်ကိုး၍ မူးယစ်ဆေးဝါးကင်းစင်ရေးကို ရေတိုရေရှည်စီမံချက်များ ဆောင်ရွက်လျက်ရှိကြောင်း။

ပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများကို မိမိတို့ တစ်နိုင်ငံတည်း ဆောင်ရွက်၍ မရဘဲ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်ကို သိရှိနားလည်ထားသည်နှင့်အညီ ဒေသနှင့်ဒေသခွဲအတွင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် နားလည်မှုစာချွန်လွှာ နှစ်နိုင်ငံသဘောတူညီချက်များ လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မဲခေါင်ဒေသ ခြောက်နိုင်ငံ၁၉၉၃ခုနှစ် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး ၁၉၉၅ ခုနှစ်မှစ၍ UNODC ၏ နည်းပညာအကူအညီဖြင့် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဒေသတွင်း စီမံချက်ကို တက်ကြွစွာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ၁၉၉၇ ခုနှစ်မှစ၍ ASEAN အဖွဲ့ဝင်ဖြစ်လာပြီးနောက် ASEAN နိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ဘိန်းခင်းများဖျက်ဆီး

မြန်မာနိုင်ငံအနေဖြင့်၁၉၉၈ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ အကြိမ်(၂၀)မြောက် မူးယစ်ဆေးဝါးဆိုင်ရာ အထူးအစည်းအဝေးက ချမှတ်ထားသော နိုင်ငံရေးကြေညာစာတမ်းပါ မူးယစ်ဆေးဝါး ထုတ်လုပ်မှု၊ သုံးစွဲမှု လျှော့ချရေး၊ တားဆီးနှိမ်နင်းရေး၊ တိုးမြှင့်ပူးပေါင်း ဆောင်ရွက်ရေး ရည်မှန်းချက်များကို ပြည့်မီစွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ ပူးတွဲ၍ မြန်မာနိုင်ငံမြောက်ပိုင်းဒေသ ဘိန်းစိုက်ပျိုးမှုအား ဂြိုဟ်တုဓာတ်ပုံဖြင့် ပူးပေါင်း တိုင်းတာမှု နားလည်မှုစာချွန်လွှာကို ၂၀၀၆ ခုနှစ် မေလ၂၇ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး ဂြိုဟ်တုဓာတ်ပုံနှင့်မြေပြင်တိုင်းတာမှုများကို စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ မြေပြင်တိုင်းတာမှုကြောင့်တွေ့ရှိခဲ့သည့် ဘိန်းခင်းများကိုလည်း တားဆီးနှိမ်နင်းရေးအဖွဲ့များက ချက်ချင်းဖျက်ဆီး ဆောင်ရွက်နိုင်ခဲ့ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင်ဆုချီးမြှင့်ရန်အတွက် ကုလသမဂ္ဂမှုခင်းဆိုင်ရာရုံး (United Nations Office on Drugs and Crime)က လှူဒါန်းသည့် ငွေကျပ် ၂၂ သိန်း ငါးသောင်း၊ အာရှမူးယစ်ဆေးဝါးအန္တရာယ် လျှော့ချရေးအဖွဲ့ (Asia Harm Reduction Network)က လှူဒါန်းသည့် ငွေကျပ်နှစ်သိန်းငါးသောင်း စုစုပေါင်းငွေကျပ် ၂၅သိန်းကို UNODC မှ Programme Specialist Mr. Giorgl Pkhakadze က ပေးအပ်လှူဒါန်းရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက လက်ခံသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဝန်ကြီးဒေါက်တာကျော်မြင့်၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးမှတ်တမ်းဓာတ်ပုံများနှင့် ပြိုင်ပွဲဆုရ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထား လိုက်သည်-

	အမည်၊ လက်ရှိရာထူး၊ ဌာန	ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဒေါက်တာအေးမြင့် ညွှန်ကြားရေးမှူးချုပ် မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသန ဦးစီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	ပါမောက္ခချုပ် နည်းပညာတက္ကသိုလ်(မှော်ဘီ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
(ခ)	ဒေါက်တာခင်မောင်အေး ညွှန်ကြားရေးမှူးချုပ် စက်မှုနှင့်သက်မွေးပညာ ဦးစီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	ပါမောက္ခချုပ် ရန်ကုန်အနောက်ပိုင်းနည်းပညာ တက္ကသိုလ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဒေါက်တာတင်ထွန်း ဒုတိယညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ရန်ကုန်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ခ)	ဒေါက်တာအောင်သူ ဒုတိယညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် တောင်ငူတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဂ)	ဒေါက်တာမောင်သင်း ဒုတိယညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် မိတ္ထီလာတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဃ)	ဒေါက်တာအောင်အောင်မင်း ဒုတိယပါမောက္ခချုပ် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(င)	ဒေါက်တာစန်းလွင် ဒုတိယပါမောက္ခချုပ် မိတ္ထီလာစီးပွားရေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် မိတ္ထီလာစီးပွားရေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(စ)	ဒေါက်တာမြင့်ဆွေ ကျောင်းအုပ်ကြီး အမျိုးသားစီမံခန့်ခွဲမှုပညာ ကောလိပ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် မြိတ်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန

မြလေးနွယ်စေတီ ထီးတော်အတွက် လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၂၆

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂)ရပ်ကွက် သာသနာပြု တံတားကျောင်းတိုက်ရှိ မြလေးနွယ်ဆုတောင်းပြည့် စေတီတော်ကြီး၏ ထီးတော်ကျိုးသွားသဖြင့် ပြန်လည်တင်လှူနိုင်ရန်နှင့် မြလေးနွယ် ဆုတောင်းပြည့်စေတီတော် သာသနိက အဆောက်အအုံများ ပြုပြင်နိုင်ရန်တို့ အတွက် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၂၆

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၇၄ ဒသမ ၅၈တန်၊ မလေးရှားနိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းမှလှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၇၈ ဒသမ ၄၅ တန်နှင့် စပိန်နိုင်ငံ ကြက်ခြေနီအသင်းမှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၁၄ ဒသမ ၉၆တန်တို့သည် ယမန်နေ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

(သတင်းစဉ်)

လေဘေးသင့်ခံရသော ဘုန်းတော်ကြီးကျောင်းများအတွက် လိုအပ်သည့်ပစ္စည်းလေးပါးနှင့် အထွေထွေလုပ်ငန်းများ၊ သာသနာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ်နေ အဂ္ဂမဟာ သီရိ သုဓမ္မမဏိဇောတဓရ ဦးစိုးဟန်လင်း၊ ဒေါ်နန္ဒာအောင်မိသားစုက အလှူငွေကျပ် ၁၀သိန်းကို သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၂၇-၆-၂၀၀၈ရက် (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အကပြိုင်ပွဲ
၇း၅၅	၅။	နှောင်းခေတ်တေးပဒေသာ
၈း၁၀	၆။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၈း၃၀	၇။	International News
၈း၄၀	၈။	အဆိုပြိုင်ပွဲ
၈း၅၀	၉။	တေးဂီတအစီအစဉ်
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၂၀	၂။	တေးဂီတအစီအစဉ်
၄း၃၀	၃။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအကများ
၄း၄၀	၄။	အတီးပြိုင်ပွဲ
၄း၅၀	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀	၆။	လာအတူသွားကြစို့ ဝင်းထွဋ်အောင်၊ ထိုက်ထိုက်သင်း၊ ကျော်သက်လင်း ဒါရိုက်တာ-စိန်သန်းဦး
၅း၁၅	၇။	တေးဂီတအစီအစဉ်
၅း၂၅	၈။	ငါးရစ်မျိုးငါးတို့မစားရော၊ ခိုင်သင်းကြည်၊ မေပိုးအိ၊ ညီညီစိမ့်၊ မြသက်ထား ဒါရိုက်တာ-ရဲဝင်းနီ
၅း၃၅	၉။	အကပြိုင်ပွဲ
၅း၄၅	၁၀။	မြန်မာမလေးတွေ မြန်မာလိုလှစေချင်
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၃၀	၁၂။	မိုးလေဝသအခြေအနေ
၆း၃၅	၁၃။	သုတစုံလင် ရွှေဥဏ်ရှင်
၇း၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကော်ဖီချစ်သူ** (အပိုင်း-၈)
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၆)
	၁၉။	အစီအစဉ်ပြီး၏။

ကျွန်းနံ့သာ အရှင်နန္ဒသီရိ ဦးဆောင်သောအဖွဲ့ လေဘေးသင့်ပြည်သူများအား ပစ္စည်းများလှူဒါန်း

ရန်ကုန် ဇွန် ၂၆

ပြင်သစ်နိုင်ငံ သာသနာပြုဆရာတော် ကျွန်းနံ့သာ အရှင်နန္ဒသီရိ ဦးဆောင်မှုဖြင့် တော်ဝင်မိသားစု ကုမ္ပဏီလီမိတက်နှင့် ဆရာတော်၏ တပည့်သံဃာ၊ ဒါယကာနှင့် ဒါယိကာမများမှ လေဘေးသင့်ပြည်သူများအား ဒုတိယအကြိမ်အဖြစ် ဇွန် ၁၅ရက်က ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ မြို့နယ်ဆေးရုံနှင့် ဘုန်းတော်ကြီးကျောင်းများ၊ ဆက်လက်၍ ကန်ကုန်းကျေးရွာရှိ အိမ်ထောင်စု ၂၀၀ခန့်တို့အား ဆန်အိတ်များ၊ကုလားပဲစိမ်း၊လက်ဖက်နှင့်အကြော်စုံ၊ငါးသေတ္တာ၊နို့ဆီဘူး၊ခေါက်ဆွဲခြောက်ထုပ်၊ သောက်ရေသန့်၊ နိုင်ငံခြားဖြစ် ဘီစကွတ်မုန့်ထုပ်နှင့် မုန့်ဘူးများ၊ သကြား၊ ထီး၊ ဖိနပ်၊ စင်ကာပူတီရှပ်၊ ဂျင်းဘောင်းဘီနှင့် အဝတ်အထည်များ၊ ပြည်တွင်းပြည်ပ ဆေးဝါးများ၊ သွားတိုက်ဆေး၊ ကလေးကစားစရာအရုပ်နှင့် ဘောလုံးများ၊ အဆိုပါတန်ဖိုးငွေကျပ် သိန်းငါးဆယ်နှင့် အလှူငွေကျပ် သိန်းနှစ်ဆယ်အပါအဝင် စုစုပေါင်း အလှူငွေကျပ် သိန်းခုနစ်ဆယ်တို့အား ပြည်သူတို့၏ လက်ဝယ်အရောက် သွားရောက်လှူဒါန်းကြသည်။

ဆရာတော် ကျွန်းနံ့သာ အရှင်နန္ဒသီရိသည် ဩဂုတ် ၁၅ရက်တွင် ပြင်သစ်နိုင်ငံသို့ သာသနာပြုခရီး ပြန်လည်ကြွချီမည်ဖြစ်ပါ၍ အဆိုပါရက်မတိုင်မီ အလှူရှင်များအနေဖြင့် ဆရာတော်ထံ ပြည်တွင်းပြည်ပသာသနာပြုကိစ္စနှင့် လေဘေးသင့် ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများနှင့် အလှူငွေများ သွားရောက်လှူဒါန်းလိုပါက ဖုန်း-၀၉-၈၆၀ ၁၄၄၇၊ ၀၉-၅၀ ၂၀၉၈၄၊ ၀၉-၉၉ ၂၇၉၈၉၊ ၀၁-၅၄၈၉၁၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်ဒီယာနာဂျုံး ဇာတ်ကားသစ် ရွှေ့ဆောင်ရုံ၌ ရုံတင် နိုင်ငံတကာရုံများနှင့် တစ်ပြိုင်တည်းနီးပါး ပြသနိုင်

ရန်ကုန် ဇွန် ၂၆

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရွှေ့ဆောင် အဆင့်မြင့်ရုံမှာ ရုံတင်လိုက်တဲ့ Indiana Jones 4 (Indiana Jones and the kingdom of the Crystal skull) ဇာတ်ကားဟာ မေလ လောက်ကမှ အမေရိကန်မှာ ပြသခဲ့တာပါ။ ဒါကြောင့် နိုင်ငံခြားရုပ်ရှင်ကြည့် ပရိသတ်များနှင့် တစ်ပြိုင်တည်းနီးပါး မြန်မာပရိသတ်တို့လည်း ကြည့်ကြရတယ်လို့ ဆိုရမှာပါ။ ဒီဇာတ်ကားကို သူတို့ဆီမှာပြတာ နံပါတ်တစ်ချိတ်သွားတယ်လို့ သိရပါတယ်။ လေးရက်ထဲနဲ့ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂၆သန်း ရသွားတယ်လို့ ဆိုပါတယ်။

အင်ဒီယာနာဂျုံး

နောက်ဆုံး **အင်ဒီယာနာဂျုံး** ဇာတ်ကားပြသပြီး ဆယ်စုနှစ် နှစ်စုနီးပါးကြာမှ ဒီဇာတ်ကားသစ် ပြတာမို့ ဟယ်ရီဆင်ဖို့ဒ် ပရိသတ်တွေ သည်းသည်းလှုပ်အားပေးကြလေရော့သလားလို့တောင် ကောက်ချက်ချကြပါတယ်။ ဒီဇာတ်ကားမှာ ကြာပွတ်ကိုင်ပါမောက္ခအဖြစ် ဟယ်ရီဆင်ဖို့ဒ်ပဲ ပါဝင်ထားပြီး သူနဲ့အတူ ကိတ်ဘလန်ချက်၊ ရှီယာလာဆောက်နှင့် ရေးဝင်စတုန်းတို့လည်း အဓိက ပါဝင်ထားပါတယ်။ ဒါရိုက်တာက နာမည်ကြီး ဒါရိုက်တာ စတီဗင်စပီးလ်ဘာ့ခ်ပါ။

ဒဏ္ဍာရီဆန်ဆန်စွန့်စားခန်း

ဇာတ်လမ်းက ၁၉၅၇ခုနှစ် အမေရိကန်နဲ့ ဆိုဗီယက်တို့ရဲ့ စစ်အေးတိုက်ပွဲကာလတင်းမာနေချိန် ဖြစ်ပါတယ်။ အင်ဒီယာနာဂျုံးဟာ သူ့ညာလက်ရုံးဖြစ်တဲ့ မက်နဲ့အတူ ဆိုဗီယက်တို့လက်ထဲက ခက်ခက်ခဲခဲ လွတ်မြောက်လာပြီး ဒဏ္ဍာရီထဲမှာ အထင်ကရဖြစ်တဲ့ ရှေးဟောင်းပီရူးဘုရင် ဂူသင်္ချိုင်းထဲက သလင်းဦးခေါင်းခွံ ခြေရာကောက်ရှာပုံတော် ဖွင့်ကြပုံကို သည်းထိတ်ရင်ဖိုရိုက်ကူးထားတဲ့ **ဒဏ္ဍာရီဆန်ဆန် စွန့်စားခန်း**ဇာတ်ကားဖြစ်ပါတယ်။ နိုင်ငံခြားက ရုပ်ရှင်ပရိသတ်နည်းတူ ဦးဦးဖျားဖျား ကြည့်ကြရမယ့် ဇာတ်ကားကောင်း တစ်ကားပါ။

သမ္မတ၊ သွင်ရုံနဲ့ ဝဇီရာရုံမှာတော့ မြန်မာပြည်မှာ ဝင်ငွေအကောင်းဆုံး ဇာတ်ကားလို့ဆိုရမယ့် **ဟော့ရှော့**ဇာတ်ကား

ပြသနေဆဲပါ။ ဇူလိုင်လ မြို့လယ်ရုံတွေမှာ ရုံတင်မယ့် ရုပ်ရှင်ကားကြီးကတော့ ကျော်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာ အောင်ဆွေ(မြန်မာ) ရိုက်ကူးတဲ့ **ရင်ခုန်သံနှင်းဆီ** ဇာတ်ကားပါ။ မို့မို့မြင့်အောင်၊ စိုင်းစိုင်းခမ်းလှိုင်၊ သက်မွန်မြင့်တို့ အဓိက ပါဝင်သည်။ မင်္ဂလာရုံမှာ Vantage Point ပြသနေပြီး နေပြည်တော်မှာ The Forbidden Kingdom ဆက်လက်ပြသနေပါတယ်။

မျက်တော်ပြေ

ဒီတစ်ပတ် နဝဒေးနဲ့ မဟာမြိုင်ရုံမှာ ရုံဝင်လာတဲ့ အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကားက ဒါရိုက်တာဝင်းထွန်းထွန်းရဲ့ **မျက်တော်ပြေ** ဖြစ်ပါတယ်။ ဇလွန်နယ် တစ်ဝိုက်မှာ ၁၉၄၆ခုနှစ် လောက်က သောင်းကျန်းခဲ့တဲ့ တောပုန်းဓားပြစံမြတ်အကြောင်း အခြေခံရိုက်ကူးထားတဲ့ အက်ရှင်ကားဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ လူမင်း၊ ဇာနည်၊ ထွန်းအိန္ဒြာဗို၊ ကြည်လဲ့လဲ့ဦးနဲ့ မင်းဟိဏ်းတို့ပါဝင်ထားပါတယ်။

နှလုံးသားစီရင်ခန်းမှ ဇာတ်ဝင်ခန်း။

နှလုံးသားစီရင်ခန်းကိုတော့ စံပြ၊ ရွှေမန်းနဲ့ သီတာရုံတွေမှာ ကြည့်ကြရမှာဖြစ်ပါတယ်။

အိန္ဒိယဇာတ်ကားများ

မြို့မတန်းမြင့်ရုံမှာ ရာမဇာတ်တော်ထဲက ဟာနုမာန်ကိုကြည့်ကြရမှာဖြစ်ပါတယ်။ မိဘမဲ့ကလေးတွေကို ဟာနုမာန်က စောင့်ရှောက်ပြီး မကောင်းသူများကို ထူးဆန်းသောစွမ်းအားနဲ့ တိုက်ခိုက်ပုံများ ရိုက်ကူးထားတဲ့ဇာတ်ကားဖြစ်ပါတယ်။ ဆုထူးပန်ရုံမှာတော့ အင်္ဂလိပ်စာတန်းထိုးအချစ်ဇာတ်ကား Aitraaz ပြသနေပြီး ကျွန်မဟာအချစ်ရဲ့ ကျေးကျွန်ပါလို့ အမည်ရတဲ့ Main Prem Ki Diwani Hoon ဇာတ်ကားကို ဘုရင့်ရုံမှာ ကြည့်ကြရမှာဖြစ်ပါတယ်။ ။

(မြန်မာ့အလင်း)

မကြာမီရုံဝင်လာမည့် ရင်ခုန်သံနှင်းဆီဇာတ်ကားမှ သက်မွန်မြင့်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များ၌ အသက်ကယ်အင်္ကျီဝတ်ဆင်နည်းများ သရုပ်ပြဝတ်ဆင်ပြသ

ရန်ကုန် ဇွန် ၂၆

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲရှိ ရေယာဉ်များသည် ခရီးစဉ်ပေါင်း ၂၀ဖြင့် မြစ်ဝကျွန်းပေါ်ဒေသကြီးတစ်ခုလုံးအား ဖြန့်ကြက်ပြေးဆွဲ ပေးလျက်ရှိသည်။

ဆေးရုံသင်္ဘော

လေဘေးသင့်ပြည်သူများကို အသက်ကယ်ခြင်း၊ ဒေသအာဏာပိုင်တို့၏ စီမံချက်ဖြင့် ရွှေ့ပြောင်းပေးပို့ခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများသယ်ပို့ပေးခြင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် သယ်ယူပို့ဆောင်ပေးခြင်း၊ မုန်တိုင်းသင့် ပြည်သူများအား အနီးကပ်ကွင်းဆင်းကုသပေးနိုင်ရန် သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများပါဝင်သည့် ဆေးရုံသင်္ဘောများ စေလွှတ်၍ ဆေးကုသပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဆိပ်ခံတွဲသစ်များအား သက်ဆိုင်ရာအလှူရှင်များနှင့် ပူးပေါင်းပြီး ပြုပြင်တည်ဆောက်၍ ဖျာပုံ၊ ဘိုကလေး၊ လပွတ္တာနှင့် မော်လမြိုင်ကျွန်းမြို့များတွင် ထားပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

သရုပ်ပြ

မိုးကာလအတွင်း သွားလာကြသည့် ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံ၍ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်မှုများအနက် ရေယာဉ်များတွင်ပါရှိသည့် အသက်ကယ်အင်္ကျီများ ဝတ်ဆင်နည်း သရုပ်ပြဆောင်ရွက်ခြင်းကို ဇွန် ၂၀ရက်က ရန်ကုန်-လပွတ္တာခရီးစဉ်တွင်ပြေးဆွဲသည့် မေခရေယာဉ်ပေါ်တွင် ကျင်းပခဲ့သည်။ (အောက်ပုံ)

အဆိုပါရေယာဉ်များတွင် သတ်မှတ်ခရီးသည်ဦးရေနှင့် ညီမျှသည့် အသက်ကယ်အင်္ကျီများကို လွယ်ကူစွာ အသုံးပြုနိုင်ရန် စီစဉ်ထားရှိကြောင်းနှင့် အသက်ကယ်ဘောကွင်းများ၊ အသက်ကယ်ဖောင်များလည်းပါရှိကြောင်း သိရသည်။ အဆိုပါ အသက်ကယ်အင်္ကျီသရုပ်ပြဝတ်ဆင်မှုကို ဇွန် ၂၆ရက်အထိ ခရီးစဉ်များ၌ ဝတ်ဆင်ပြသပေးခဲ့ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ဖီနာဘာချီနှင့် စာချုပ်ချုပ်ဆိုသည့်သတင်း မဟုတ်မှန်ကြောင်း အာရာဂိုးနက်စ် ငြင်းဆို

အင်ဘရွတ်စ် ဇွန် ၂၆

တူရကီကလပ် ဖီနာဘာချီနှင့် ယာယီနှစ်နှစ် စာချုပ်ချုပ်ဆိုထားသည် ဆိုသည့် သတင်းမှာ မဟုတ်ကြောင်း စပိန်လက်ရွေးစင်အသင်းနည်းပြ လူးဝစ် အာရာဂိုးနက်စ်(**ယာပုံ**)က အခိုင်အမာ ငြင်းဆိုခဲ့သည်။

ဖီနာဘာချီအသင်းသည် ဇွန် ၂၅ ရက်စောစောပိုင်းက လက်ရှိစပိန် လက်ရွေးစင်အသင်းနည်းပြ အာရာဂိုးနက်စ်သည် ယူရို ၂၀၀၈ဘောလုံးပြိုင်ပွဲအပြီးတွင် အသင်းအား လွှဲပြောင်းရယူမည်ဟု ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။

ငြင်းဆန်

မိမိအနေဖြင့် မည်သည့်အသင်းနှင့်မျှ စာချုပ်ချုပ်ဆိုခဲ့ခြင်းမရှိသည့်အတွက် ထိုသို့ထုတ်ပြန်ချက်ကို နားမလည်နိုင်ကြောင်း အသက်၇၀ရှိ အာရာဂိုးနက်စ်က ပြောကြားခဲ့သည်။ အာရာဂိုးနက်စ်သည် စပိန်လက်ရွေးစင်အသင်းတွင် ဆက်လက်တာဝန်ယူရန် တောင်းဆိုမှုကိုလည်း ငြင်းဆန်ထားသူဖြစ်သည်။ **(အင်တာနက်)**

နယူးကာဆယ်ခံစစ်မှူး စတီဗင်တေလာ အသင်းနှင့် စာချုပ်သစ် ချုပ်ဆိုရေး နီးစပ်လာ

လန်ဒန် ဇွန် ၂၆

နယူးကာဆယ်အသင်းခံစစ်မှူး စတီဗင်တေလာ(ဝဲပုံ)သည် အသင်းနှင့် စာချုပ်သစ်ထပ်မံချုပ်ဆိုရေး နီးစပ်လာပြီဖြစ်ကြောင်း၊ ထိုကဲ့သို့ နီးစပ်လာရခြင်းမှာ တေလာ၏ အနာဂတ်အတွက် အသင်းပိုင်ရှင် မိုက်ခ်အက်ရှ်လေ စီမံပေးခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။

ပြောကြား

အသင်းနှင့် စာချုပ်သစ် ချုပ်ဆိုနိုင်ရေးအတွက် ဆွေးနွေးခဲ့သည်မှာ တစ်နှစ်ကျော်ကြာပြီဖြစ်ကြောင်း၊ သို့သော်လည်း ယခုအခါ စာချုပ်သစ်ချုပ်ဆိုရေး နီးစပ်လာပြီ ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

မိမိသည် နယူးကာဆယ်အသင်းအား ခင်တွယ်ပြီး အနာဂတ်တွင်လည်း နယူးကာဆယ်အသင်း၌ပင် ကစားလိုသည်ကို အသင်းရှိလူတိုင်းပင်အသိဖြစ်ကြောင်း၊ ယခုစာချုပ်သည် မိမိနှင့်အသင်းအတွက် မှန်ကန်သောလုပ်ရပ်ဖြစ်ကြောင်း စတီဗင်တေလာက ဖွင့်ဟပြောကြားခဲ့သည်။ (အင်တာနက်)

ရုရှားဘောလုံးကြယ်ပွင့် အာရှာဗင် ယူရို ၂၀၀၈အပြီး ဘာစီလိုနာသို့ ပြောင်းကစားမည်

ဆဲလ်ဘတ် ဇွန် ၂၆

ရုရှားလက်ရွေးစင်အသင်းနှင့် ဇင်းနစ်စိန့်ပီတာစဘတ် ကွင်းလယ်ကစားသမား အာရှာဗင်(**ယာပုံ**)သည် ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲများအပြီး လာမည့် ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားတော့မည် ဖြစ်သည်။

ရုရှားအသင်းအား အောင်မြင်မှုရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် ရုရှားဘောလုံးကြယ်ပွင့်များအနက်မှ တစ်ဦးဖြစ်သူ အာရှာဗင်အား ပရီမီယာလိဂ် အသင်းကြီးများကလည်း ခေါ်ယူရန် ဆက်သွယ်လျက်ရှိသည်။

ဖွင့်ဟပြောကြား

သို့သော်လည်း အသက် ၂၇နှစ်ရှိ အာရှာဗင်က ကလေးဘဝအရွယ်ကတည်းကပင် ဘာစီလိုနာအသင်းသည် မိမိ၏အိပ်မက်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မှန်ကန်သော အခွင့်အရေးကို ရလိမ့်မည်ဟု မည်သည့်အခါကမျှ စိတ်မကူးခဲ့မိကြောင်း၊ ဘောလုံးသမားဘဝတစ်လျှောက်လုံး ဘာစီလိုနာအသင်းအား အလုပ်အကျွေးပြုသွားမည်ဖြစ်ကြောင်း ၎င်းကဖွင့်ဟပြောကြားသည်။ **(အင်တာနက်)**

စတူးဝပ်အက်ဝဲလ်အား ဒိုင်လူကြီးအဖြစ် တာဝန်ပေး ပရီမီယာလိဂ်တွင် အသက်အငယ်ဆုံးဒိုင်လူကြီး ဖြစ်လာ

လန်ဒန် ဇွန် ၂၆

အင်္ဂလန် ပရီမီယာလိဂ်တွင် ဇွန်၂၅ ရက်က စတူးဝပ်အက်ဝဲလ်(ဝဲပုံ)အား ဒိုင်လူကြီးအဖြစ် ခန့်အပ်ခဲ့ပြီး ၎င်းသည် ယနေ့အထိ ခန့်အပ်ခဲ့သော ဒိုင်လူကြီးများတွင် အသက်အငယ်ဆုံး ဒိုင်လူကြီးဖြစ်သည်။

အသက် ၂၅နှစ်ရှိ စတူးဝပ်အက်ဝဲလ်သည် လိဂ်ဘောလုံးပြိုင်ပွဲတွင် တစ်ရာသီမျှ တာဝန်ယူပြီးနောက် ပရီမီယာလိဂ် ဒိုင်လူကြီးအဖြစ် တိုးမြှင့်ပေးခြင်းခံရသူ ဖြစ်သည်။

ပြောကြား

ပြီးခဲ့သည့် ဘောလုံးရာသီက အက်ဝဲလ်သည် သီတင်းပတ်တိုင်း အနားမယူဘဲ တာဝန်ကို ကြိုးစားဆောင်ရွက်ခဲ့ပြီး ၎င်း၏အရည်အသွေးမြင့်မားမှုနှင့် စွမ်းရည်ထက်မြက်မှုတို့ကြောင့် ယခုကဲ့သို့ ဒိုင်လူကြီးအဖြစ် တာဝန်ပေးအပ်ခဲ့ရခြင်းဖြစ်ကြောင်း ပရီမီယာလိဂ်ဒိုင်ချုပ် ကိတ်ဟက်ကက်က ဘီဘီစီသို့ ပြောကြားခဲ့သည်။

(အင်တာနက်)

ခက်ခက်ခဲခဲကစားရလိမ့်မယ်လို့ မထင်ထားမိခဲ့ဘူး

ဂျာမနီနည်းပြ-ဂျိုအာချင်လို

အခွင့်အရေးတွေ အပြည့်အဝအသုံးမချနိုင်ခဲ့လို့ပါ

တူရကီနည်းပြ-ဖာတစ်တာရင်မ်

ဘန်း ဇွန် ၂၆

ယူရို ၂၀၀၈ ပထမအကြိုဗိုလ်လုပွဲစဉ်အဖြစ် ဂျာမနီနဲ့တူရကီတို့ ဇွန် ၂၆ရက် နံနက်က ယှဉ်ပြိုင်ကစားခဲ့တဲ့အခါ ဂျာမနီတို့ ခက်ခက်ခဲခဲနဲ့ကစားပြီး နောက်ဆုံးပွဲပြီးချိန်မှာ အနိုင်ဂိုးသွင်းယူနိုင်ခဲ့လို့ ဂျာမနီတို့ နောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့ပါတယ်။

ပွဲအပြီးမှာ ဂျာမနီနည်းပြ ဂျိုအာချင်လိုက **“ကျွန်တော်တို့ ဒီလောက်ခက်ခက်ခဲခဲကစားရလိမ့်မယ်လို့ မထင်ထားမိခဲ့ဘူး။ တူရကီရဲ့ ခြေစွမ်းက တကယ့်ကို အံ့အားသင့်စရာပါပဲ။ တူရကီဟာ အသင်းကောင်းတစ်သင်း ဖြစ်တယ်ဆိုတာကို ကျွန်တော် လက်ခံလိုက်ပါပြီ။ ကျွန်တော့် တိုက်စစ်မှူးတွေရဲ့ ကြိုးစားမှုကို အသိအမှတ်ပြုပါတယ်။ ဒီပွဲမှာ ကျွန်တော့် တိုက်စစ်မှူးတွေ**

တူရကီနည်းပြ ဖာတစ်တာရင်မ်

ဂျာမနီနည်းပြ ဂျိုအာချင်လို

အခွင့်အရေး များများစားစားမရခဲ့ပါဘူး။ ဒါ့အပြင် နောက်တန်းမှာ အမှားတွေလုပ်ခဲ့လို့ ဂိုးတွေပေးလိုက်ရတယ်။ ဒီပွဲမှာ ကံကောင်းလို့အနိုင်ရတယ်လို့ ပြောရင်တောင် ကျွန်တော်လက်ခံရမှာပါ။ နောက်ဆုံးအချိန်အထိ စိတ်ဓာတ်ကောင်းကောင်းနဲ့ ကစားခဲ့လို့ နိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်”ဟု ပြောကြားခဲ့ပါတယ်။

ရင်ဖွင့်

ဒီလိုပါပဲ ဂျာမနီအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ကပ်ရှုံးပြီး ဗိုလ်လုပွဲမတက်ရောက်နိုင်ခဲ့တဲ့ တူရကီနည်းပြ ဖာတစ်တာရင်က **“ဒီနေ့ပွဲမှာ ကျွန်တော့်လူတွေ ကစားသွားတာ အတော်ကောင်းပါတယ်။ လက်ရှိလူအင်အားနဲ့ ကျွန်တော်တို့အကောင်းဆုံး ယှဉ်ပြိုင်နိုင်ခဲ့ကြတာမို့ ဒီအရှုံးရလဒ်အပေါ် ဘယ်လိုမှ မပြောလိုတော့ပါဘူး၊ ဒီပွဲမှာ ဂိုးသွင်းဖို့ အခွင့်အရေးကောင်းတွေ အများကြီးရခဲ့ပေမယ့်ကျွန်တော့်လူတွေ အပြည့်အဝ အသုံးမချနိုင်ခဲ့ကြဘူး၊ အမှန်အတိုင်းပြောရရင် အချိန်ပိုကစားပြီး ပယ်နယ်တီအဆုံးအဖြတ်အထိ ရောက်သွားလိမ့်မယ်လို့ ထင်ထားတာပါ။ နောက်ဆုံးပွဲချိန်မှာ ကျွန်တော့်လူတွေ ကစားအားချလိုက်တာကလည်း ဂျာမနီတို့ကို အခွင့်အရေးပေးလိုက်သလို ဖြစ်သွားခဲ့တယ်။ နောက်ဆုံးဗိုလ်လုပွဲအထိ အရောက်မလှမ်းနိုင်ခဲ့တာကိုတော့ ပရိသတ်အတွက်တောင်းပန်စကားဆိုရမှာပါပဲ”**လို့ရင်ဖွင့်သွားပါတယ်။

တစ်ဟုန်ထိုးတိုက်စစ်ဆင်

ကစားပြီးသွားတဲ့ ပထမအကြိုဗိုလ်လုပွဲစဉ်မှာ ဂျာမနီတို့က ၄-၂-၃-၁ ပုံစံနဲ့ ကစားပြီး တူရကီတို့ကတော့ ၄-၁-၄-၁ အခင်းအကျင်းနဲ့ ပွဲထွက်ခဲ့ပါတယ်။ ဂျာမနီအသင်းအတွက် နည်းပြဂျိုအာချင်လိုဟာ ကွာတားမှာ ပေါ်တူဂီကိုအနိုင်ယူခဲ့တဲ့ ကစားသမားတွေနဲ့ ကစားစေခဲ့ခြင်းဖြစ်ပါတယ်။ တူရကီကတော့ အရန်ကစားသမားခြောက်ဦးအထိ ထည့်သုံးကစားခဲ့ပေမယ့် ပွဲစကတည်းက တစ်ဟုန်ထိုးတိုက်စစ်ဆင်ကစားခဲ့တာမို့ ဂျာမနီဂိုးသမားလေမန်းအကာကွယ်ကောင်းခဲ့လို့သာ ဂိုးတွေမပေးခဲ့ရတာဖြစ်ပါတယ်။

တူရကီတို့ပွဲစကတည်းက ဖိကစားပြီး ထိုးဖောက်တိုက်စစ်ဆင်နေတာမို့ ဂျာမနီတိုက်စစ်မှူးတွေဖြစ်တဲ့ ကလိုဆေး၊ ပိုဒေါစကီးတို့ တူရကီအသင်းကို ထိရောက်တဲ့ တိုက်စစ်ဆင်မှုတွေ မပြုလုပ်နိုင်ခဲ့ပါဘူး။ ပွဲချိန် ၂၂မိနစ်မှာတော့ တူရကီ ကွင်းလယ်ကစားသမား ကာဇင်ကန်တင်လိုက်တဲ့ ဘောလုံး ဂိုးဘားတန်းထိပြီး ပြန်ထွက်လာတာကို တောင်ပံကစားသမား ဘိုရယ်က ဘယ်ခြေခွင်နဲ့ ပိတ်ပြီးကန်သွင်းခဲ့တာမို့ တူရကီတို့အဖွင့်ဂိုးရရှိခဲ့ပါတယ်။ ဒီဂိုးဟာ ဂျာမနီဂိုးသမားလေမန်းရဲ့ အားနည်းချက်ကြောင့် ဂိုးပေးလိုက်ရခြင်းလည်း ဖြစ်ပါတယ်။

သရေပွဲဖြစ်နေ

အဖွင့်ဂိုးပေးလိုက်ရလို့ ကစားအားမြှင့်တင်ခဲ့တဲ့ဂျာမနီအသင်းဟာ ပွဲချိန် ၂၆မိနစ်မှာပဲ ဘယ်ခြမ်းက ပိုဒေါစကီး ဖြတ်တင်ပေးလိုက်တဲ့ ဘောလုံးကို ရှဝိန်းစတိုင်ဂါက အလိုက်သင့်ပိတ်သွင်းယူနိုင်ခဲ့လို့ တစ်ဖက်တစ်ဂိုးစီနဲ့ သရေပွဲဖြစ်နေခဲ့ပါတယ်။

ဦးတည်နေခဲ့

ဒုတိယပိုင်းမှာ နှစ်သင်းစလုံးအနိုင်ရရှိရေး ကြိုးစားခဲ့တာကြောင့် ပွဲက အနည်းငယ် ကြမ်းသလိုဖြစ်နေရာမှ ပွဲချိန် ၇၉မိနစ်အရောက်မှာ ဘယ်ခြမ်းမှ ဖိလစ်လမ်းက တူရကီဂိုးရှေ့ကို အနေတော်တင်ပေးလိုက်တဲ့ဘောလုံးကို ဂျာမနီတိုက်စစ်မှူး ကလိုဆေးက ခေါင်းတိုက်သွင်းယူခဲ့တာကြောင့် ဂျာမနီတို့ နှစ်ဂိုး-တစ်ဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။ ဒါပေမယ့်တူရကီတို့ ချက်ချင်းပြန်လည်ထိုးဖောက် ကစားခဲ့လို့ ပွဲချိန်၈၆မိနစ်မှာ တူရကီ တိုက်စစ်မှူး ဆန်တက်စ်က အနီးကပ် ဂိုးသွင်းယူလိုက်လို့ ချေပဂိုးရရှိပြီး နှစ်ဂိုးစီသရေ ဖြစ်နေခဲ့တာမို့ အချိန်ပိုဆီ ဦးတည်နေခဲ့ပါတယ်။

တက်ရောက်

ဒါပေမယ့် ပွဲချိန်ပြည့်ခါနီး မိနစ်၉၀မှာ ဂျာမနီကစားသမား ဖိလစ်လမ်းက တူရကီ ဂိုးသမားပြေးထွက်ပိတ်ထားတဲ့ ထောင့်ကျဉ်းထဲကိုပဲ ကန်သွင်းယူခဲ့တာကြောင့် ဂျာမနီတို့ အနိုင်ဂိုးရပြီး နောက်ဆုံး ဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ။

ဂျာမနီအသင်းမှ ဖိလစ်လမ်း(နံပါတ်-၁၆)**က ဂျာမနီအသင်းအတွက် ပွဲသိမ်းဂိုးနှင့် အနိုင်ဂိုးကို တူရကီဘက်သို့ ဤသို့ သွင်းယူခဲ့သည်။** (အင်တာနက်ဓာတ်ပုံ)

လီဗာပူး၏ ပေါင်သန်း၃၅၀တန်ကစားကွင်းသစ် ဆောက်လုပ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်

လီဗာပူး ဇွန် ၂၆

လီဗာပူးအသင်းသည် ၎င်းတို့၏ ပေါင်သန်း၃၅၀ ကုန်ကျမည့် အားကစားကွင်းကြီး(**ဝဲပုံ**)ဆောက်လုပ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။

ဝင်ဆံ့မည်

လီဗာပူးအသင်းအနေဖြင့် ယခုနှစ် စက်တင်ဘာလကုန်အထိ ကျန်သည့် ဆောက်လုပ်ရေးလုပ်ငန်းများကို ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။ လီဗာပူးအသင်း၏ ယခုဆောက်လုပ်လျက်ရှိသည့် ကစားကွင်းအသစ်သည် ပရိသတ်ခြောက်သောင်း အထိ ဝင်ဆံ့မည် ဖြစ်ကြောင်းသိရသည်။

(အင်တာနက်)

ယူရို ၂၀၀၈ ဗိုလ်လုပွဲ ကွင်းလယ်ဒိုင်လူကြီးအဖြစ် ရိုဇီတီ တာဝန်ယူမည်

ဘန်း ဇွန် ၂၅

ယူရို ၂၀၀၈ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ဇွန် ၂၉ရက်တွင် ကျင်းပမည်ဖြစ်သည်။ ၎င်းပြိုင်ပွဲ၏ ကွင်းလယ်ဒိုင်လူကြီးအဖြစ် အီတလီနိုင်ငံသား ရိုဘာတိုရိုဇီတီကို တာဝန်ယူကြီးကြပ်စေမည် ဖြစ်ကြောင်း ယူအီးအက်ဖ်အေက ဇွန် ၂၅ရက်၌ သတင်းထုတ်ပြန်သည်။

ရိုဘာတိုရိုဇီတီသည် အီတလီနိုင်ငံ တူရင်မြို့ဆေးရုံမှ မန်နေဂျာတစ်ဦးဖြစ်ပြီး အသက် ၄၀အရွယ်ရှိသူဖြစ်သည်။ နောက်ပိုင်းဘောလုံးနည်းပြအဖြစ် တာဝန်ထမ်းခဲ့သူလည်းဖြစ်သည်။ ရိုဘာတိုရိုဇီတီသည် ယူရို ၂၀၀၈၌ ချက်နှင့် ဆွစ်ဇာလန်၊ ရုရှားနှင့်ဂရိ၊ တူရကီနှင့်ခရိုအေးရှားတို့ပွဲများ၌ ကွင်းလယ်ဒိုင်လူကြီးအဖြစ် တာဝန်ယူခဲ့သော နည်းပြတစ်ဦး ဖြစ်သည်။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေနှင့် ချစ်စိုးနိုင် စုစည်းတင်ပြသည်

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ဒေသများသို့ စေတနာခရီးတစ်ခေါက်

သတင်းခရီးသည် - သန်းဇော်

ဓာတ်ပုံမှတ်တမ်း - မောင်မောင်သန့် (မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း

ရန်ကုန် ဇွန် ၂၆

မြန်မာ့အလင်းသတင်းအဖွဲ့သည် တာဝန်ဖြင့် ရန်ကုန်မြို့မှ မော်လမြိုင်ကျွန်းမြို့သို့ ''ပုသိမ်သူ'' ရှပ်ပြေးအမြန်ယာဉ်ဖြင့် ခရီးထွက်လာခဲ့ခြင်းဖြစ်သည်။ သင်္ဘော စတင်ထွက်ချိန်သည် ညနေ ၄နာရီခွဲဖြစ်သဖြင့် ရာသီဥတုသာယာသော်လည်း မိုးဖွဲလေးများ ကျလျက်ရှိသည်။ မကြာမီ သင်္ဘောသည် တွံတေးတူးမြောင်းမှ ဖြတ်သန်းခုတ်မောင်းလာရာ လေအနည်းငယ်ထန်လာပြီး မိုးလည်းပို၍ ရွာလာသည်။ ရန်ကုန်မှမထွက်လာမီ မုန်တိုင်းတိုက်ခတ်မည်၊ ငလျင်လှုပ်မည်၊ ရေကြီးတော့မည်ဆိုသည့် ရပ်ကွက်ထဲမှာ ကောလာဟလ သတင်းများကလည်း ကြားခဲ့ရသဖြင့် ယခုရေလမ်းခရီး ထွက်လာခဲ့သော စာရေးသူ၏စိတ်တွင် စိုးရိမ်စိတ်များ ဝင်လာမိသည်။

မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသော သတင်းများအရ မုတ်သုံလေအားကောင်းနေပြီး ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅မိုင်မှ မိုင်၅၀အထိ တိုက်ခတ်မည်ဟု ကြေညာထားသဖြင့် ဆိုးဆိုးရွားရွား မဖြစ်နိုင်မှန်း ပြန်လည် သတိထားမိသည်။ မိုးရာသီဖြစ်သဖြင့် မုတ်သုံလေကတော့ ထိုက်သင့်သလောက် တိုက်ခတ်မည် ဖြစ်သည်။

ရှပ်ပြေးအမြန်ယာဉ်သည် အိန္ဒြေမပျက်ပင် ပုံမှန်ခုတ်မောင်းလျက်ရှိသည်။

''မျိုးစပါးတွေလဲရလို့ ပျိုးပင်များတောင် ပေါက်နေပါပြီ''

ဦးမြညွန့်

ကျွန်းချောင်းကျေးရွာ။

''ကျောင်းသား ကျောင်းသူများအား ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ် သင်ကြားပေးလျက် ရှိပါတယ်''

ဦးမြတ်ဝင်းကျော်

ကျောင်းအုပ်ကြီး

ကျွန်းချောင်းကျေးရွာ။

''ကယ်ဆယ်ရေး စခန်းမှာ အားလုံး အဆင်ပြေပါတယ်။ ကျွန်မ ဆန္ဒနဲ့ ရွာကို ပြန်လာတာပါ''

ဝါးခယ်မကယ်ဆယ်ရေးစခန်းမှ

ပြန်လည်ရောက်ရှိလာသူ

မမြသက်မွန်

ကြက်လျှာကျေးရွာ။



မော်လမြိုင်ကျွန်းမြို့ လေဘေးသင့် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ရန် သွားရောက်မည့် အဖွဲ့နှင့် စက်လှေများ။

ဘာဆိုဘာမှမဖြစ်ပါ။ ဖြစ်လည်းမဖြစ်နိုင်ပါ။ သင်္ဘောပေါ်ပါခရီးသည် ယောကျ်ား၊ မိန်းမ၊ ကလေးများအပါအဝင် တီဗွီကြည့်သူ၊ စကားပြောဆိုနေကြသူ၊ အချို့အိပ်နေသူများဖြင့် အေးဆေးစွာရှိနေကြသည်ကို တွေ့ရသဖြင့် ကိုယ့်ကိုယ်ကိုပင် ရယ်ချင်လာမိသည်။ ကောလာဟလ၏ရိုက်ခတ်မှု ဂယက်ပင် ဖြစ်သည်။

စာရေးသူသည် သင်္ဘောလက်ရန်းမှ လရောင်အောက်တွင် မျောပါနေသည့် ဗေဒါပင်များကိုတွေ့၍ကျောင်းသားဘဝက သင်ခဲ့ရသော 'မင်းလတ်' စကားပြေမှ ဆရာဇော်ဂျီ ရေးသားသည့် ဗေဒါပင်ကလေး များအကြောင်း ပြန်လည် သတိရမိလိုက်သည်။ မည်မျှပင်လှိုင်းလေပြင်းထန်စေကာမူ လှိုင်းလေဒဏ်ကို ကြံ့ကြံ့ခံကာ ပြန်လည် ရှင်သန်ထူထောင် မျောပါလျက်ရှိသည်။

ယခု မုန်တိုင်းဒဏ်ကြောင့် ဒုက္ခကြုံတွေ့ရသော လေဘေးသင့်ပြည်သူများ လည်း စိတ်ဓာတ်ကြံ့ကြံ့ခိုင်၍ မိမိတို့၏ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး စသည်များ ပြန်လည်ထူထောင်ဖို့ ကြိုးစားရပေလိမ့်မည်။ လဲနေရာမှ ပြန်ထရပေလိမ့်မည်။

သင်္ဘောသည် မြင်းကကုန်း၊ ဘိုကလေးမြို့များသို့ ဆိုက်ကပ်ပြီး နံနက် ၃နာရီခွဲတွင် မော်လမြိုင်ကျွန်းမြို့သို့ ဆိုက်ရောက်လာပါသည်။ ယနေ့ဆိုလျှင် မုန်တိုင်းကျခဲ့သည်မှာ တစ်လခွဲပင် ကျော်လာခဲ့ပြီဖြစ်၍ မော်လမြိုင်ကျွန်းမြို့ပေါ်တွင် နေအိမ်အားလုံးနီးပါး အိမ်အမိုးအကာများ ပြန်လည်ပြင်ဆင်ပြီးဖြစ်နေသည်ကို တွေ့ရသည်။ လျှပ်စစ်ဓာတ်တိုင်များ၊ တယ်လီဖုန်းဆက်သွယ်ရေးကြိုးတိုင်များလည်း အားလုံးနီးပါး ပြန်လည်ပြုပြင်ပြီး ဖြစ်နေသည်ကို တွေ့ရသည်။

မော်လမြိုင်ကျွန်းမြို့သို့ ရောက်ပြီးနောက်တစ်နေ့မှာပင် မော်လမြိုင်ကျွန်းမြို့နယ်မှ တာဝန်ရှိသူများနှင့်အတူ ဝင်းစိန် (၁) သင်္ဘောဖြင့် လေဘေးသင့် ကျေးရွာများသို့ ခရီးဆန့်ခဲ့ ပြန်သည်။

တာဝန်ရှိသူများက လေဘေးသင့်ကျေးရွာများသို့ တစ်ရွာဝင်တစ်ရွာထွက် သွားရောက်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့သည်။

ကျွန်းချောင်းကျေးရွာသို့ ရောက်သည်နှင့် ကျေးရွာအတွက် လက်တွန်းထွန်စက်များ သင်္ဘောပေါ်မှချကာ အရောက်ပို့ပေးသည်ကို တွေ့ရသည်။ ကျေးရွာတွင် ရပ်မိရပ်ဖတစ်ဦးဖြစ်သူဦးမြညွန့်က **''ဆန်၊ ဆီ၊ အဝတ်အထည်နဲ့ စားသောက်ကုန်တွေအပြင် စိုက်ပျိုးရေးအတွက် မျိုးစပါးတွေလဲရရှိပြီး စပါးများ ပျိုးထောင်စိုက်ပျိုးနေပြီဖြစ်ကြောင်း''** ပြောပါသည်။ ၄င်းစပါးမျိုးများသည် စမ်းသပ်ပြီးအောင်မြင်သည့် မျိုးစပါးများဖြစ်ကြောင်း သိရပါသည်။

ရွာလယ်ပိုင်းတွင် ယာယီအဆောက်အအုံဖြင့် စာသင်ပေးနေသော တွဲဖက်အလယ်တန်းကျောင်းအုပ်ကြီး ဦးမြတ်ဝင်းကျော်က **''မူလကကျောင်းဆောင်နှစ်ခုရှိပါတယ်။ မူလတန်းနှင့်အလယ်တန်းပေါင်းပြီး နိုင်ငံတော်က နှစ်ထပ်ကျောင်းကြီး ပြန်လည်ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း''** ပြောပါသည်။

ထို့နောက် ကြက်လျှာကျေးရွာသို့ ဆက်လက်ထွက်ခွာခဲ့ကြပါသည်။ ကြက်လျှာကျေးရွာဆိုသည့်အတိုင်း ကြက်လျှာပုံသဏ္ဍာန် ရွာက ရှည်ချွန်ထွက်နေသော အပိုင်းသည် လှပစွာပင် ပင်လယ်ဘက်သို့ ဦးတည်နေသဖြင့် လေကြောင်းသင့်နေပါသည်။ ၄င်းရွာ၌ ဝါးခယ်မလေဘေးကယ်ဆယ်ရေးစခန်းမှ ပြန်လည်ရောက်ရှိလာသော မမြသက်မွန်အား မေးမြန်းကြည့်ရာ **''ကျွန်မနဲ့ ကျွန်မကလေးတစ်ယောက်က ဟိုဘက်ကမ်းမှာ အလုပ်သွားလုပ်နေတာပါ။ ရေတွေတက်တော့ ကျွန်မတို့ သားအမိနှစ်ယောက် မိရာတွယ်ပြီး ဒီဘက်ကမ်းကို လှိုင်းလုံးတွေနဲ့အတူ ပြန်ရောက်လာတာပါ။ ကျွန်မခင်ပွန်းနဲ့ ကလေးနှစ်ယောက်ကတော့ ယနေ့အထိ ပြန်မတွေ့ရတော့ဘူး။''**

''ဝါးခယ်မ ကယ်ဆယ်ရေးစခန်းမှာလဲ စားဝတ်နေရေး အားလုံးအဆင်ပြေပါတယ်။ မုန်တိုင်းတည်ငြိမ်တာနဲ့ ကျွန်မလဲ ယောကျ်ားနဲ့ ကလေးတွေအတွက် စိုးရိမ်ပြီး ရွာကိုပြန်ချင်နေတာနဲ့ ကိုယ့်သဘောနဲ့ကိုယ် ပြန်လာတာပါ။ ရွာပြန်ရောက်တော့လဲ ထောက်ပံ့ရေးပစ္စည်းတွေ၊ စားသောက်စရာတွေရရှိလို့ အဆင်ပြေပါတယ်''ဟု ပြောကြားသည်။

ကျွန်းချောင်းကျေးရွာ စပါးပျိုးခင်းများကို ဤသို့ တစ်မျှော်တစ်ခေါ် တွေ့ခဲ့ရသည်။

နတ်မှူးကျေးရွာရှိ ငါးပုံဆန်စက်(ဟာလာ)တွင် စပါးကြိတ်ခွဲနေကြသည်။

ဆက်လက်၍ နတ်မှူးကျေးရွာသို့ ခရီးဆက်ခဲ့ပြန်ရာ ရွာထိပ်တွင် ငါးပုံ ဆန်စက်(ဟာလာ)ဖြင့် စပါးကြိတ်ခွဲနေသည်ကို တွေ့ရသည်။ ၄င်းရွာတွင် လက်တွန်းထွန်စက်၁၀စီးနှင့် ထောက်ပံ့ရေးပစ္စည်းများ ချပေးသည်ကို မျက်မြင်တွေ့နေရသဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပစ္စည်းများ ရပါရဲ့လားဟု လိုက်လံမေးစရာပင် မလိုတော့ပါ။

မုန်တိုင်းသင့်ဒေသများ၏ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်မှု၊ မုန်တိုင်းသင့်ပြည်သူများ၏ အနာဂတ်မပျောက် ဆက်လက်ကြိုးပမ်းရပ်တည်နေမှုကို တစ်ဆင့်စကားဖြင့်မဟုတ်ဘဲ မျက်မြင်ကိုယ်တွေ့ တွေ့ရပြီမို့ သတင်းခရီးသည်အဖို့ များစွာကျေနပ်အားရဖြစ်မိပါတော့သည်။ ။

(မြန်မာ့အလင်း)

27-6 (12).pmd 1 6/27/2008, 2:15 AM

နိုင်ငံတကာ စံချိန်စံညွှန်းအဖွဲ့၏ ISO 9001:2000 ...
Lwin Myint Aung Industrial Co.,Ltd

သားအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း

ကျွန်တော်ဦးမော်ဒွန်း၏ သားဖြစ်သူမောင်အောင်နိုင် (ခ) အောက်နာဘွန်တူ (MTNT-029470)သည် မိဘများမှ ခွင့်လွှတ်၍ မရနိုင်သောကိစ္စများကို ပြု၍ အရှက်တကွဲဖြစ်အောင် လုပ်ဆောင်ပြီး ၆-၆-၂၀၀၈ရက်တွင် နေအိမ်မှ ဆင်းသွားခဲ့ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ လုံးဝ(လုံးဝ) တာဝန်မယူပါကြောင်းနှင့် သွားနတ္တသားအဖြစ်သတ်မှတ်၍ အမွေစားအမွေခံ ရာသက်ပန် စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေး မြန်းခြင်းသည်းခံပါ။)

ဦးမော်ဒွန်း (MDW-229841)

အမှတ် ၁၆/၃ (ဝဲ)၊ လမ်း ၁၂၀၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

အမည်ပြောင်း

အဖ ဦးသန်းငွေ၏ သမီး ကျိုက်လတ်မြို့ အထက(၁) Grade-5(B)မှ မဖြူဖြူလွင်အား မမြတ်နိုးထက်ဟု ပြောင်းလဲခေါ်ပါရန်။

မမြတ်နိုးထက်။

အမည်ပြောင်း

တောင်ကုတ်မြို့ ဂူတာရပ်ကွက် မီးစက်ကွက်သစ်(၂)လမ်း အမှတ် ၈၄နေ ဦးသန်းနိုင်၏ သမီး မယုယု နိုင် ၁၁/တကန (နိုင်)၀၇၇၅၀၀အား ယုမွန်မွန်အောင်ဟု ပြောင်းလဲခေါ် ပါရန်။

ယုမွန်မွန်အောင်။

တိုက်ခန်းရောင်းမည်

၁၂၃ ပေ X ပေ၅၀(ပထပ်)
ကြွေပြား-သံပန်း-ဆေးပြီး
အသင့်နေ
အရှေ့မြင်းပြိုင်ကွင်းလမ်းမပေါ်
တာမွေအဝိုင်းအနီး ကျပ်သိန်း ၁၈၀၊
ဖုန်း- ၅၂၄၄၆၈။

ထီဖြစ် ... ရွှေကြိုး ...

NLD ပါတီ၌ ဆက်လက်ပါဝင်လုပ်ကိုင်ဆောင်ရွက်လိုစိတ်မရှိ မုံရွာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီအတွင်းရေးမှူးဦးအောင်စိုး ၎င်း၏ဆန္ဒအလျောက်နုတ်ထွက်

ရန်ကုန် ဇွန် ၂၆

စစ်ကိုင်းတိုင်း မုံရွာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီအတွင်းရေးမှူး ဦးအောင်စိုးသည် မေ ၂၄ရက်တွင် NLD ပါတီ၌ ဆက်လက်ပါဝင်လုပ်ကိုင် ဆောင်ရွက်လိုစိတ်မရှိတော့သဖြင့် ၎င်း၏ဆန္ဒ အလျောက် နုတ်ထွက်စာကိုရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့်သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးသို့ ပေးပို့ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းဖွဲ့စည်းရေး သုံးပွင့်ဆိုင်ခြေစမ်းပွဲ အနီရောင်အသင်းက အဝါရောင်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံမှတ်တမ်း–ဖိုးသော်ဇင်

ရန်ကုန် ဇွန် ၂၆

အိန္ဒိယနိုင်ငံမှာ ကျင်းပမယ့် AFC Challenge Cup ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မယ့် မြန်မာ့လက်ရွေးစင်အသင်းဖွဲ့စည်းဖို့အတွက် ဇွန်၂၆ရက်ကစပြီး သုံးပွင့်ဆိုင်ခြေစမ်းပွဲများကို အောင်ဆန်းကွင်းမှာ ပြုလုပ်လျက်ရှိပါတယ်။ ဒီနေ့ ညနေ၃နာရီ၄၅မိနစ်မှာ ပထမပွဲစဉ်အဖြစ် အနီရောင်အသင်းနဲ့အဝါရောင်အသင်းတို့ စတင်ယှဉ်ပြိုင်ကစားခဲ့ကြပြီး အနီရောင်အသင်းက သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိသွားခဲ့ပါတယ်။

အနီရောင်အသင်း - သုံးဂိုး။
အဝါရောင်အသင်း - နှစ်ဂိုး။

အခွင့်အရေး

အခုခြေစမ်းပွဲဟာ မြန်မာအသင်းကို ဒုတိယမြောက်သက်တမ်းအဖြစ် ဆက်လက်ကိုင်တွယ်ခဲ့တဲ့ ဘရာဇီးလူမျိုးနည်းပြဆရာမားကိုစ်အန်တိုနီယိုဖလော်ဝါရဲ့ လက်ရွေးစင်အသင်းကို ပြန်လည်ကိုင်တွယ်တွယ်ချင်း စတင်ပြင်ဆင်မှုတစ်ခုပဲဖြစ်ပါတယ်။ အခုနှစ် အတွင်း မြန်မာအသင်းယှဉ်ပြိုင်ရမယ့် နိုင်ငံတကာပြိုင်ပွဲတွေအနက်က အနီးကပ်ဆုံးပြိုင်ပွဲဖြစ်တဲ့ AFC Challenge Cup ပြိုင်ပွဲဟာ စတင်ဖို့ တစ်လကျော်သာလိုတော့တာမို့ မားကိုစ်အန်တိုနီယိုဟာ အခုခြေစမ်းပွဲတွေကိုကြည့်ရှုပြီး ပဏာမလက်ရွေးစင်အသင်းကို ဖွဲ့စည်းသွားမှာ ဖြစ်ပါတယ်။ ဒီခြေစမ်းပွဲမှာ ခြေစွမ်းပြနိုင်သူတွေကို ရွေးချယ်ပြီး ဇူလိုင် ၁ရက်ကစပြီး စခန်းသွင်းလေ့ကျင့်မယ့် ပဏာမမြန်မာလက်ရွေးစင်အသင်းဟာ AFC Challenge Cup ပြိုင်ပွဲအတွက် ပြင်ဆင်ချိန် တစ်လနီးပါးသာရရှိမှာဖြစ်ပါတယ်။ AFC Challenge Cup ပြိုင်ပွဲနောက်ဆုံးအဆင့် ပြိုင်ပွဲများကို မြန်မာအပါအဝင် တိုက်ရိုက်ကစားခွင့်ရ လေးသင်း၊ ခြေစစ်ပွဲအောင် လေးသင်း စုစုပေါင်းရှစ်သင်းကို အုပ်စုနှစ်စုခွဲကာ အိန္ဒိယနိုင်ငံမှာ ဆက်လက်ကျင်းပမှာ ဖြစ်ပါတယ်။ မြန်မာအသင်းဟာ မြောက်ကိုရီးယား၊ နီပေါ၊ သီရိလင်္ကာတို့နဲ့ တစ်အုပ်စုတည်းကျနေပြီး အကြိုဗိုလ်လုပွဲတက်ဖို့ အလားအလာကောင်းနေသလို ဗိုလ်စွဲခဲ့ရင်လည်း ၂၀၁၁ အာရှဖလား ပြိုင်ပွဲကို ခြေစစ်ပွဲဝင်စရာမလိုဘဲ တိုက်ရိုက်ကစားခွင့်ရမှာဖြစ်တာကြောင့် မြန်မာအသင်းအတွက် အခွင့်အရေးတစ်ခုလည်း ဖြစ်ပါတယ်။

ခြေစမ်းပွဲ ပထမပွဲစဉ်အဖြစ် ကစားခဲ့တဲ့ အနီရောင်အသင်းနဲ့ အဝါရောင်အသင်းကတော့ ပြီးခဲ့တဲ့ ၂၀၀၇ခုနှစ် (၃၉)ကြိမ်မြောက် မာဒေးကားဖလားပြိုင်ပွဲနဲ့ (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတို့မှာ ငွေတံဆိပ်ရရှိခဲ့တဲ့အသင်းတွေကို အခြေခံဖွဲ့စည်းထားတဲ့ အသင်းတွေပဲဖြစ်ပါတယ်။ အနီရောင်အသင်းမှာ မင်းသူ၊ မျိုးမင်းထွန်း၊ အောင်မျိုးသန့်၊ ဇော်ထက်အောင်၊ အောင်အောင်ဦး (ဂိုး)၊ ခင်မောင်လွင်တို့နဲ့ လူစုံနီးပါး ပါဝင်ခဲ့ပြီး စိုးမြတ်မင်းနဲ့ ရန်ပိုင်တို့ကတော့ ပါဝင်ကစားခဲ့ခြင်း မရှိခဲ့ပါဘူး။ အဝါရောင်အသင်းမှာတော့ ဆီးဂိမ်း ငွေတံဆိပ်ဆုရခဲ့တဲ့ ကစားသမားတွေဖြစ်တဲ့ ထွန်းထွန်းဝင်း၊ မိုးဝင်း၊ စိုးလင်းထွန်း၊ ကျော်ဇင်ထက်(ဂိုး)၊ ကျော်သီဟတို့ အပါအဝင် လက်ရွေးစင်ကစားသမားတွေဖြစ်တဲ့ ကျော်ခိုင်ဝင်း၊ အောင်ကျော်မိုးတို့ ပါဝင်ကစားခဲ့ကြပါတယ်။ ရာဇာဝင်းသိန်းကတော့ ခြေထောက်မှာ ဒဏ်ရာ အနည်းငယ်ရရှိထားတာကြောင့် ပါဝင်မကစားနိုင်ခဲ့ပါဘူး။ အနီရောင်အသင်းကို နည်းပြအဖြစ်

အနီရောင်အသင်းမှ နေဝင်း၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို အဝါရောင်နောက်ခံလူ မိုးဝင်း ကာကွယ်ဖျက်ထုတ်စဉ်။ (ဓာတ်ပုံ-ဖိုးသော်ဇင်)

ဦးဉာဏ်ဝင်းနဲ့ ဦးအောင်ထွန်းထွန်း၊ အဝါရောင်အသင်းကို ဦးမျိုးချစ်နဲ့ ဦးဝင်းမြင့်သွင်တို့က ဆောင်ရွက်ကြပါတယ်။

ဒုတိယဂိုး

မြန်မာ့လက်ရွေးစင်အသင်း လူငယ်လက်ရွေးစင်အသင်းများနဲ့အတူ နိုင်ငံတကာပြိုင်ပွဲများကို ဆင်နွှဲလာသူအများစု ပါဝင်နေတာကြောင့် အခုပွဲဟာ အပြန်အလှန်ရှိခဲ့ပါတယ်။ ပွဲအစပိုင်းမှာတော့ အနီရောင်အသင်းကစားကွက် တည်မရသေးလို့ အဝါရောင်အသင်းက ဖိကစားနိုင်ခဲ့ပါတယ်။ အနီရောင်နောက်ခံလူများဟာ အဝါအသင်းတိုက်စစ်မှူးတွေဖြစ်တဲ့ စည်သူသန်း၊ ရဲဝေယံစိုးတို့ကို ထိန်းချုပ်နိုင်ခြင်း မရှိသလို အဝါအသင်းရဲ့ ကွင်းလယ်ဖန်တီးမှုအားကလည်း ကောင်းတာကြောင့် နှစ်မိနစ်မှာပဲ အဖွင့် ဂိုးစတင်ရရှိခဲ့ပါတယ်။ စည်သူသန်း ဖြတ်ပို့တဲ့ ဘောလုံးကို ရဲဝေယံစိုးကပိတ်သွင်းယူခဲ့တာပါ။ အဖွင့်ဂိုးရှင် ရဲဝေယံစိုးဟာ ဂိုးသွင်းပြီးမကြာခင်မှာဘဲ အနီနောက်ခံလူ ခင်မောင်လွင်နဲ့ထိခိုက်မိပြီး ဘယ်ဒူး၌ ဒဏ်ရာရရှိကာ ကျော်သီဟနဲ့ လူစားလဲခဲ့ရပါတယ်။ ကွင်းလယ်ကိုထိန်းချုပ်ထားနိုင်တဲ့ အဝါအသင်းဟာ အနီဘက်သို့ ခြိမ်းခြောက်ထားနိုင်ပြီး ၁၁မိနစ်မှာ စည်သူသန်းက ဒုတိယဂိုးထပ်မံသွင်းယူခဲ့ပါတယ်။

ပြန်လည်ဦးဆောင်

ပွဲချိန်ကြာလာတာနဲ့အမျှ အနီရောင်အသင်း ကစားကွက်ပြန်လည်မိလာပါတယ်။ မင်းသူနဲ့ နေဝင်းတို့ရဲ့ ညာခြမ်းအမှားများနေတာကြောင့် ဘယ်ခြမ်းကိုသာ အားပြုထိုးဖောက်ခဲ့ပြီး ၁၅မိနစ်မှာ အောင်ကျော်မျိုးက တစ်ကိုယ်တော်အစွမ်းပြပြီး ပထမချေပဂိုးကိုသွင်းယူခဲ့ပါတယ်။ အနီအသင်းအတွက် ဒုတိယချေပဂိုးကို ပထမပိုင်းပြီးခါနီးမှာ အောင်မျိုးသန့်ရဲ့ ထောင့်ကန်ဘောကို စည်သူဝင်း ခေါင်းတိုက်ချပေးတာမှတစ်ဆင့် နေဝင်းက ပိတ်သွင်းယူခဲ့တာဖြစ်ပါတယ်။ ပထမပိုင်းမှာရရှိတဲ့ အခွင့်အရေးကို စည်သူဝင်း၊ အောင်မျိုးသန့်နဲ့ အောင်ကျော်မျိုးတို့ အသုံးချနိုင်ခဲ့မယ်ဆိုရင် အနီအသင်းကတောင် ပြန်လည်ဦးဆောင်နိုင်မယ့်အနေအထားမှာ ရှိခဲ့ပါတယ်။ အခုပွဲမှာ နှစ်သင်းစလုံး ကစားပုံကောင်းပေမယ့် နောက်ခံလူတွေကတော့ တစ်ဦးချင်း ထိန်းချုပ်နိုင်မှုမှာ အားနည်းခဲ့တာတွေ့ရပါတယ်။

ဒုတိယအပိုင်းအစမှာတော့ အနီရောင်အသင်းဟာ တိုက်စစ်အတွဲဖြစ်တဲ့ စည်သူဝင်းနဲ့ အောင်ကျော်မျိုးတို့အတွဲကို အနားပေးပြီး လက်ရွေးစင်ဟောင်း ထွန်းမင်းဦးနဲ့ မိခင်ကလပ် စီးပွား/ကူးသန်းမှာ ခြေစွမ်းပြနေတဲ့ စထက်နိုင်ဝင်းတို့ကို ထည့်သွင်းကစားခဲ့ပါတယ်။ အဝါအသင်းကတော့ နောက်ခံလူ ကျော်ခိုင်ဝင်းနေရာမှာ ဌေးအောင်၊ ကွင်းလယ်ကစားသမား အောင်ကျော်မိုးနေရာမှာ တင်အောင်မိုးတို့ကို လူစားလဲကစားခဲ့ပါတယ်။ အနီရောင်အသင်းရဲ့ ဒုတိယပိုင်းကစားပုံဟာ ပထမပိုင်းထက်သိသိသာသာ ကောင်းမွန်လာခဲ့ပါတယ်။ ထွန်းမင်းဦးနဲ့ စထက်နိုင်ဝင်းတို့ရဲ့ ထိုးအားကြောင့် အနီအသင်း ကစားပုံပိုကောင်းလာခဲ့ပေမယ့် အဝါအသင်းကတော့ ကစားအားကျသွားလို့ တိုက်စစ်အားလျော့ခဲ့ပါတယ်။ အနီအသင်းရဲ့ ပေးဂိုးရနိုင်တဲ့အခွင့်အရေးတွေကို ဂိုးသမားကျော်ဇင်ထက်ကာကွယ်ခဲ့ရပါတယ်။ အနီအသင်းအတွက် အနိုင်ဂိုးကို ၈၂မိနစ်မှာ လက်ရွေးစင်ဟောင်း ထွန်းမင်းဦးက သွင်းယူပေးခဲ့ပါတယ်။ စိုးလင်းထွန်းနေရာမှာ ကျော်ခိုင်ဝင်း ပြန်ပါလာလို့ အဝါကစားပုံ ပြန်ကောင်းလာပေမယ့် အဆုံးသတ်အားနည်းခဲ့လို့ ဂိုးမရဘဲ အနိုင်ကနေ အရှုံးဖြစ်ခဲ့ရပါတယ်။

ပါဝင်ကစား

အနီရောင်အသင်းမှာ **ဂိုး**-အောင်အောင်ဦး၊ နောက်တန်း-မင်းသူ၊ အေးဆန်း၊ သူရအောင်၊ ခင်မောင်လွင်၊ **အလယ်တန်း**-အောင်မျိုးသန့်၊ဇော်ထက်အောင်၊နေဝင်း၊မျိုးမင်းထွန်း၊ **ရှေ့တန်း**-စည်သူဝင်း(ထွန်းမင်းဦး)နဲ့ အောင်ကျော်မိုး (စထက်နိုင်ဝင်း)တို့ ပါဝင်ကစားခဲ့ပါတယ်။ အဝါရောင်အသင်းမှာ **ဂိုး**-ကျော်ဇင်ထက်၊ **နောက်တန်း**-အောင်ဘိုမင်း၊ ကျော်ခိုင်ဝင်း (ဌေးအောင်)၊ မိုးဝင်း၊ ကျော်ဇေယျာဝင်း၊ **အလယ်တန်း**-ထွန်းထွန်းဝင်း၊စိုးလင်းထွန်း (ကျော်ခိုင်ဝင်း)၊ စိုးသီဟအောင်၊ အောင်ကျော်မိုး(တင်အောင်မိုး)၊ **ရှေ့တန်း**-ရဲဝေယံဦး (ကျော်သီဟ)နဲ့ စည်သူသန်းတို့ ပါဝင်ကစားခဲ့ပါတယ်။

ခြေစမ်းပွဲ ဒုတိယပွဲစဉ်ကို ဇွန်လ ၂၈ရက် ညနေ ၃နာရီ ၄၅မိနစ်တွင် အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပမှာဖြစ်ပြီး အပြာရောင်အသင်းနဲ့အဝါရောင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါကြောင်း သတင်းစကားပါးလိုက်ရပါသည်။ (မြန်မာ့အလင်း)

The Live News ဂျာနယ်အမှတ်(၈၆)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၂၆

ယခုတစ်ပတ်ထုတ် The Live News ဂျာနယ် အမှတ်(၈၆)တွင် ဆင်ဖြူကျွန်းအောင်သိန်း၏ ကြက်စလုတ်၊ မြင်းမူမောင်နိုင်မိုး၏ လေ့လာဆည်းပူးကြစို့နှင့် နှုတ်မှုလက်မှု၊ နီမင်းဆွေ၏ (No Country for Old Men)ကမ္ဘာမဲ့ဇရာ(၃)၊ ကိုကိုလှိုင်၏ စီအိုင်အေက ပင်တဂွန်ကို နှိပ်စက်ညှဉ်းပန်းနည်းများ သင်ကြားပို့ချပေးခဲ့၊ အာရှမိုး၏မလေးရှားအစိုးရ အဖွဲ့အပြောင်းအလဲများဖြစ်ပေါ်လာဖွယ်ရာရှိ၊ မောင်မြတ်မွန်(ဆူးလေ)၏ သံတမန်လမ်း အမည်ဆန်းတဲ့(Tank Road)၊ မောင်နေလင်း၏ တက္ကစီမင်းနှင့် ကိန္နရီချောင်းခြား(၂)၊ ဆြာစန်း၏ ဤတစ်ပတ်တွက်တာ သင့်ဘဝကံကြမ္မာ အဖြေရှာ၊ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက်ရာခိုင်နှုန်း အမြင့်ဆုံးမှာ စမ်းချောင်း အ·ထ·က(၂)ဟု သိရ၊ အချစ်ရေးမှာ ပရိသတ် ထင်နေသလို မဟုတ်ဘူးဆိုတဲ့ ဖိုးချစ်၊ စင်ကာပူဒေါ်လာသန်း ၂၀အကုန် အကျခံတည်ဆောက်ထားသော စင်ကာပူမှ ဗုဒ္ဓစင်တာအဆောက်အအုံကြီး၊ ရေနံလောဘဇော၊ ကြေးစားတပ်များ၊ အာဏာသိမ်းရန်ကြိုးပမ်းမှုနှင့် ဒီမိုကရေစီနိုင်ငံကြီးများ၊ သောင်မတင်ရေမကျဖြစ်နေရတဲ့ ဥရောပသမဂ္ဂ ဖွဲ့စည်းပုံစည်းမျဉ်းအသစ်၊ ကမ်းလွန်ဓာတ်ငွေ့တူးဖော်ရေး တရုတ်-ဂျပန် သဘောတူညီချက်ရရှိ၊ ပင်လယ်ပျော်မင်းသားအပိုင်း(၇၊၈)၊ ရွှေမင်းသားလေး ချစ်ပုံပြင်အပိုင်း(၈၊၉)စသည့်သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာ ကဏ္ဍများဖြင့် စဝေဆာဆာတင်ဆက်ထားသည်။

The Live News ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်းဖတ်ရှုသူ အိမ်အရောက် ပေးပို့ရန်စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ-၁၃စောင်ကျပ် ၅၈၅၀၊ ခြောက်လ-၂၆စောင် ကျပ်၁၁၇၀၀နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ် ၃၁၀ အခန်း(၀၀၄) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ နှင့် MARKT CARE (Distribution Services) အမှတ် ၅၅ ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀၈၀၄၇တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသောမိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ခြေချင်းဝတ်ပြတ်ဒဏ်ရာရရှိ

ရန်ကုန် ဇွန် ၂၆

တနင်္သာရီတိုင်း ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် ချောင်းလ မိုင်ကျေးရွာနေ ဦးညွန့်ဇော်သည် ဇွန် ၂၃ရက် နံနက် ၃နာရီတွင် ကြိမ်ခုတ်ရန် သွားရောက်စဉ် လေညာကျေးရွာ၏ အနောက်ဘက်၌ KNU အကြမ်းဖက် သောင်းကျန်းသူများ ထောင်ထားသော နင်းမိုင်းတစ်လုံး နင်းမိပေါက်ကွဲသဖြင့် လက်ဝဲခြေချင်းဝတ်ပြတ်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဦးညွန့်ဇော်အား ဘုတ်ပြင်း မြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသ၍ လိုအပ်သည်များ ကူညီဆောင်ရွက် ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သတိပေးနှိုးဆော်ချက်

ယခုရာသီကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါ ဖြစ်ပွားတတ်သည့်အချိန် ဖြစ်ပါသည်။ မသန့်ရှင်းသောရေ သောက်သုံးခြင်းနှင့် မသန့်ရှင်းသော အစားအသောက်များ စားသုံးခြင်းတို့ကြောင့် ဝမ်းလျှော ဝမ်းပျက်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။ သို့ဖြစ်ပါ၍-

ဝမ်းလျှောဝမ်းပျက်ရောဂါကိုကာကွယ်နိုင်ရန်အတွက်-

- **ကလိုရင်းဆေးခတ်ထားသော ရေ(သို့မဟုတ်) ကျိုချက်ထားသော ရေကိုသာလျှင် သောက်သုံးကြရန်၊**
- **သန့်ရှင်းလတ်ဆတ်သော ပူနွေးသည့်အစာများကိုသာ စားသုံးကြရန်၊**
- **ယင်နားစာမစားရန်နှင့် အစာများကို ယင်မနားအောင် ဖုံးအုပ် ထားကြရန်၊**
- **ကလေး၊ လူကြီးအားလုံး သန့်ရှင်းသော ယင်လုံ အိမ်သာကို သုံးစွဲကြရန်၊**
- **အစာမစားမီနှင့် အညစ်အကြေးကိုင်တွယ်ပြီးတိုင်း လက်ကို စင်ကြယ်အောင် ဆေးကြောကြရန်၊**
- **အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ကြရန်၊ (ထုံးဖြူးခြင်း၊ မြေဖုံးခြင်း၊ မီးရှို့ခြင်းများကို ဆောင်ရွက်ရန်)**

ဝမ်းပျက် ဝမ်းလျှောရောဂါဖြစ်ပွားပါက အနီးဆုံး ကျန်းမာရေးဌာနသို့ အမြန်ဆုံးပြသရန်နှင့် လူနာများတွေ့ရှိက ကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပေးပို့ကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဆေးလိပ်ကင်းပ လူငယ်ဘဝ၊ ဆွဲဆောင်မှုများဟန့်တားကြ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ၂၀၀၈ခုနှစ် နှစ်ဆန်းပိုင်းတွင် ထုတ်ပြန်ကြေညာခဲ့သော ကမ္ဘာ့ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှုဆိုင်ရာ အစီရင်ခံစာ (WHO REPORT ON THE GLOBAL TOBACCO EPIDEMIC, 2008)အရ ယနေ့ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သုံးသူ ဦးရေသန်း၁၂၀၀ ကျော်ရှိပြီး ဆေးလိပ်သောက်သုံးမှုကြောင့် တစ်နှစ်လျှင် ၅၁သမ၄သန်းခန့် သေဆုံးလျက်ရှိသည်။ ၂၀ရာစုနှစ်အတွင်းတွင် ဆေးလိပ်သောက်သုံးမှုကြောင့် လူဦးရေသန်း၁၀၀ခန့် သေဆုံးခဲ့ကြောင်း သိရှိရပါသည်။ ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှုထိန်းချုပ်ရေးလုပ်ငန်းများကို ယခုထက်ပို၍ အလေးအနက်ထားပြီး အားသွန်ခွန်စိုက် မလုပ်ဆောင်ခဲ့လျှင် သက္ကရာဇ် ၂၀၃၀အရောက်တွင် ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးမှုကြောင့် သေဆုံးမည့် လူဦးရေသည် တစ်နှစ်လျှင် ရှစ်သန်းခန့် ရှိလာမည်ဖြစ်ပြီး အဆိုပါသေဆုံးမှုများ အနက် ၈၀ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲ တိုင်းပြည်များတွင် ဖြစ်ပေါ်မည်ဖြစ်ပါသည်။ ၂၁ရာစုနှစ်အတွင်းတွင် ဆေးလိပ်ကြောင့် သေဆုံးသူဦးရေသည် သန်း၁၀၀၀ အထိ ကြောက်ခမန်းလိလိ တိုးတက်လာမည်ဖြစ်ပါသည်။

ဆေးလိပ်သောက်သုံးမှုကြောင့် နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ သွေးကြောကျဉ်းရောဂါ၊ လေဖြတ်ရောဂါ၊ အဆုတ်ရောဂါ အမျိုးမျိုး၊ အဆုတ်ကင်ဆာနှင့် ကင်ဆာရောဂါအမျိုးမျိုးဖြစ်ပွားပြီး စီးပွားရေးဒုက္ခ၊ လူမှုရေးဒုက္ခအမျိုးမျိုး တွေ့ကြုံကြရကြောင်းကို ယနေ့ပြည်သူလူထုများ ကျယ်ကျယ်ပြန့်ပြန့်သိရှိသဘောပေါက်လာပြီဖြစ်ပါသည်။ သို့သော်လည်း တစ်ကမ္ဘာလုံးတွင် ဆေးလိပ်သောက်သုံးသူ များပြားနေရခြင်းမှာ ဆေးလိပ်လုပ်ငန်းရှင်များက နည်းမျိုးစုံဖြင့် ကြော်ငြာမှု၊ ဈေးကွက်ထိုးဖောက်ဖြန့်ချိမှု၊ ဆေးလိပ်ဈေးနှုန်းများ ချိုသာမှု၊ အလွယ်တကူ ဝယ်ယူရရှိနိုင်မှုနှင့် ဆေးလိပ်ထိန်းချုပ်ရေးဥပဒေ၊ နည်းဥပဒေများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်မှု အားနည်းခြင်းတို့ကြောင့် ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် လှုပ်ရှားမှုများကို နှစ်စဉ်ကျင်းပလာခဲ့ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်သော ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်များကို မြန်မာဘာသာသို့ ပြန်ဆိုပြီး ၎င်းဆောင်ပုဒ်များ၏ ရည်မှန်းချက်များအတိုင်း တစ်နှစ်ပတ်လုံး လှုပ်ရှားဆောင်ရွက်ခဲ့ကြပါသည်။ ယခုနှစ်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသောဆောင်ပုဒ်မှာ Tobacco-Free Youth **"ဆေးလိပ်ကင်းပ လူငယ်ဘဝ၊ ဆွဲဆောင်မှုများ ဟန့်တားကြ"** ဖြစ်ပါသည်။

ဤဆောင်ပုဒ်၏ ဦးတည်ချက်မှာ နောင်တစ်နေ့တွင် နိုင်ငံ့ခေါင်းဆောင်၊ ကမ္ဘာ့ခေါင်းဆောင်များ ဖြစ်လာကြမည့် လူငယ်လူရွယ်ကလေးများကိုဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှုကင်းဝေးပြီး ကျန်းမာသန်စွမ်း စိတ်ရွှင်လန်း၍ ဉာဏ်ရည်ထက်မြက်သော လူငယ်လူရွယ်များအဖြစ် ကြီးပြင်းလာစေရန် လှုံ့ဆော်လိုရင်းဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်းတွင် လေ့လာသုတေသနပြုချက်များအရ ဆေးလိပ်သောက်သူ အများစုသည် အသက်၁၈နှစ်မတိုင်မီကပင် ဆေးလိပ်ကို စတင်စမ်းသပ် သောက်သုံးခဲ့ကြကြောင်း တွေ့ရှိရပါသည်။ အချို့လူငယ်များသည် အသက်၁၀နှစ်မတိုင်ခင် အလွန်ငယ်စဉ်ကတည်းကပင် ဆေးလိပ်ကို စမ်းသပ်သောက်ခဲ့ကြောင်း သိရှိရသည်။ ဆေးလိပ်စသောက်သော အရွယ်ငယ်လေလေ ဆေးလိပ်ကို ပိုစွဲလေလေဖြစ်ပြီး ဆေးလိပ်ဖြတ်ဖို့ ပိုမိုခဲယဉ်းလေလေ ဖြစ်ပါသည်။

လူငယ်လူရွယ်လေးများ ဆေးလိပ်ကို စမ်းသပ်သောက်ကြည့်စေချင်သော အကြောင်းရင်း အမျိုးမျိုးရှိပါသည်။ အထူးသဖြင့် ဆေးလိပ်လုပ်ငန်းရှင်များက ဆေးလိပ်ကို နည်းမျိုးစုံဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်

ဒေါက်တာညိုညိုကြိုင်

လည်းကောင်း၊ ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ အားကစားပွဲများ၊ ပျော်ပွဲရွှင်ပွဲများကို အထောက်အပံ့ပေးခြင်း၊ စီးကရက်အခမဲ့ ဝေငှခြင်း၊ ဈေးပေါပေါဖြင့်ရောင်းချခြင်း၊ စီးကရက်ဘူးလိုက်မဟုတ်ဘဲ အလိပ်ရေဖြင့် ရောင်းချခြင်း၊ လူငယ်လူရွယ်များ အားကျအတုယူမည့် ရုပ်ရှင်မင်းသား၊ မင်းသမီး၊ အဆိုတော်၊ မော်ဒယ်စသည်တို့ကို ဆေးလိပ်ကြော်ငြာစေခြင်း စသည့်နည်းများသည် လူငယ်များ ဆေးလိပ်စမ်းသပ်သောက်ကြည့်စေနိုင်သော အဓိကအကြောင်းရင်းများ ဖြစ်ပါသည်။ ဆေးလိပ်လုပ်ငန်းရှင်များသည် လူငယ်လူရွယ်များနှင့် အမျိုးသမီးထုကို ဆေးလိပ် စတင်သောက်တတ်လာစေရန်အတွက် နှစ်စဉ် ဒေါ်လာသန်းထောင်ချီ၍ သုံးစွဲပြီး ဈေးကွက်ချဲ့ထွင်လျက်ရှိပါသည်။

လူငယ်လူရွယ်များ ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ်မှ ကင်းဝေးစေရန် တတ်စွမ်းသမျှ ကာကွယ်စောင့်ရှောက်ရန် ကျန်းမာရေးဝန်ကြီးဌာနသာမက ပြည်သူလူထုတစ်ရပ်လုံးမှာပါ တာဝန်ရှိပါသည်။ အထိရောက်ဆုံးနည်းလမ်းများမှာ အရွယ်မရောက်သေးသော ကလေးသူငယ်များအား ဆေးလိပ်ရောင်းချမှုကို လုံးဝပိတ်ပင်တားမြစ်ခြင်း၊ ဆေးလိပ်ကို အလိပ်ရေဖြင့် ရောင်းချခြင်းကို လုံးဝပိတ်ပင်တားမြစ်ခြင်း၊ ဆေးလိပ်ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ အခမဲ့ပေးဝေခြင်း၊ ဆေးလိပ်၊ စီးကရက်တံဆိပ် အမှတ်အသားများပါရှိသော လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဝေခြင်း စသည်တို့ကို လုံးဝပိတ်ပင်တားမြစ်ခြင်းတို့ဖြစ်ပါသည်။ ထို့ပြင် ဆေးလိပ်အန္တရာယ်ကို ငယ်ရွယ်စဉ် မူလတန်းကျောင်းသား အရွယ်ငယ်စဉ်ကတည်းကပင် သိရှိနားလည် သဘောပေါက်ထားစေရန် ကျောင်းသင်ခန်းစာများမှာ ထည့်သွင်းသင်ကြားခြင်း၊ စကားရည်လုပွဲ၊ ဟောပြောပွဲ၊ ကျပန်းစကားပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲစသည်တို့မှာ ကျောင်းသားလူငယ်များ ကိုယ်တိုင် ပါဝင်ယှဉ်ပြိုင်ရေးသား ဟောပြောစေခြင်းဖြင့် ဆေးလိပ်အန္တရာယ်ကို လူငယ်များကိုယ်တိုင် တွန်းလှန်နိုင်မှာ ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးလိပ်ကင်းဝေးရေး စီမံချက်ကို ၂၀၀၀ပြည့်နှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် အရှိန်အဟုန်မြှင့်တင်ပြီး ဆောင်ရွက်လာခဲ့ပါသည်။ ထင်ရှားသော မှတ်တိုင်များအနေဖြင့် ၂၀၀၂ခုနှစ်တွင် ဆေးလိပ်ကြော်ငြာ ဆိုင်းဘုတ်များကို ကန့်သတ်ပိတ်ပင်တားမြစ်ခဲ့ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များတွင် ဆေးလိပ်ကြော်ငြာများကို ပိတ်ပင်တားမြစ်ခဲ့ပါသည်။ ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ အခြေခံပညာသင်ကျောင်းများနှင့် အားကစားရုံ၊ အားကစားကွင်းများ အားလုံးကို ဆေးလိပ်မသောက်ရ နယ်မြေများအဖြစ် သတ်မှတ်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာနတို့မှ ဆောင်ရွက်ခဲ့ကြရာ အောင်မြင်မှုရရှိနေပြီဖြစ်ပါသည်။

ထင်ရှားသော မှတ်တိုင်တစ်ရပ်အနေဖြင့် ၂၀၀၆ခုနှစ် မေလ၄ရက်နေ့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုဥပဒေတစ်ရပ် ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါဥပဒေတွင် အသက်၁၈နှစ် မပြည့်သေးသောသူအား ဆေးလိပ်ကို ရောင်းချခြင်း(သို့)ပေးကမ်းခြင်း၊ အသက်၁၈နှစ် မပြည့်သေးသူကို ဆေးလိပ်ဖြန့်ဖြူးခြင်း(သို့) ရောင်းချခြင်းပြုရာတွင် ခိုင်းစေခြင်းတို့ကို ပြစ်မှုအဖြစ် သတ်မှတ်ထားသောကြောင့် အရွယ်မရောက်သေးသော ကလေးသူငယ်များကို ဆေးလိပ်စမ်းသပ်သောက်သုံးမှု မပြုနိုင်ရန် ထိရောက်စွာ ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ထို့ပြင် စီးကရက်ကို တစ်လိပ်ခြင်းဖြစ်စေ၊ အလိပ်၂၀ ထက်နည်းသော အထုပ်ဖြင့်ဖြစ်စေ ရောင်းချခြင်းသည် ပြစ်မှုမြောက်သဖြင့် စီးကရက်ကို လွယ်ကူစွာ ဝယ်ယူသောက်သုံးနိုင်သော အခွင့်အရေး လျော့နည်းသွားမည်ဖြစ်ပါသည်။ ဆေးလိပ်ကြော်ငြာခြင်းကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ကြော်ငြာခြင်းမပြုနိုင်ရန် အဘက်ဘက်မှ ပိတ်ပင်တားမြစ်သဖြင့် ကလေးသူငယ်နှင့် လူငယ်များအပါအဝင် အများပြည်သူတို့ကို ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးခြင်း အလေ့အထမှ တားဆီးကာကွယ်၍ ကျန်းမာသောနေထိုင်မှုဘဝ ရရှိလာစေပြီး ပြည်သူတို့၏ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးအဆင့်အတန်း တိုးတက်မြင့်မားလာမည် ဖြစ်ပါသည်။

သို့ပါ၍ နောင်တစ်နေ့၏ ခေါင်းဆောင်များဖြစ်သော လူငယ်လူရွယ်များကို ဆေးလိပ်၏ သားကောင်များဘဝ မရောက်ရေးအတွက် ကြိုတင်ကာကွယ်နိုင်ရန်နှင့် ကျန်းမာကြံ့ခိုင်သော နိုင်ငံ့သားကောင်းများ ဖြစ်လာနိုင်ရန်အတွက် လူတိုင်းလူတိုင်းမှာ တာဝန်ရှိသည်နှင့်အညီ ဝန်ကြီးဌာနအားလုံး၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းကူညီ ဆောင်ရွက်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ကျောက်မဲခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ဇွန်၁၀ရက်က ကျောက်မဲမြို့ ကမ္ဘောဇရွှမ်းကျောင်းကြီး ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ အောင်မြေသာယာ သီလရှင်စာသင်တိုက်၊ မိုးကောင်းသီလရှင်ကျောင်းနှင့် အမှတ်(၉)ရပ်ကွက်ရှိ ကက်သလစ်ဘုရားရှိခိုးကျောင်းများသို့ ငွေကျပ် ၂၃၀၀၀၀တန်ဖိုးရှိ ဗလာစာအုပ် ဒါဇင် ၂၀၀နှင့် ဘောပင်အချောင်း ၃၀၀၀၀တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (ကြံ့ခိုင်ဖွံ့ဖြိုးရေး)

ကျောင်းအပ်နှံရေးနေ့ တံတားဦး၌ကျင်းပ

တံတားဦး ဇွန် ၁၂

တံတားဦးမြို့နယ်၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ၂၈ရက် နံနက်၉နာရီက မြို့နယ်အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကိုကိုနိုင်နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ညီလာကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ညီလာကျော်က စာအုပ်နှင့်စာရေးကိရိယာများကို ကျောင်းသားကျောင်းသူများသို့ လှူဒါန်းရာ ဆရာမတစ်ဦးက လက်ခံယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းများကို ဧပြီ ၂၄ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဦးသန်းဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ကြည်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေး ကာကွယ်ရေးပညာပေး ခြင်ဆေးဖျန်းလုပ်ငန်း မိတ္ထီလာ၌ဆောင်ရွက်

မိတ္ထီလာ ဇွန် ၁၈

မိတ္ထီလာခရိုင်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ အထွေထွေရောဂါကု ဆေးရုံကြီးတွင် အထူးကု ဆရာဝန်များ အထူးကြပ်မတ်ကုသပေးလျက်ရှိပြီး ခရိုင်နှင့်မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ပညာပေး ဟောပြောပွဲကို မေ ၂၆ရက်က မိတ္ထီလာမြို့ မိတ္ထီလာကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည်။

တက်ရောက်

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးပညာပေး ဟောပြောပွဲသို့ မြို့ပေါ်ရပ်ကွက် ၁၆ရပ်ကွက်မှ ဥက္ကဋ္ဌများ၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ မလှိုင်၊ သာစည် မြို့နယ်များမှ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆေးဖျန်း

မိတ္ထီလာခရိုင် ကျန်းမာရေးဦးစီးဌာနနှင့် မိတ္ထီလာခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုသိန်းနှင့် အဖွဲ့ဝင်များက မိတ္ထီလာမြို့ပေါ်ရှိ ရပ်ကွက်များသို့ လှည့်လည်ကွင်းဆင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြသည်။ (ဝ၈၆)

ထန်းတပင်မြို့၌ ခြင်ဆေးဖျန်း

ထန်းတပင် ဇွန် ၁၂

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဇွန် ၇ရက်က အထကကျောင်းဝင်းအတွင်း၊ အပြင်၌ ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ကြသည်။ **(ယာပုံ)**

အဆိုပါ ခြင်ဆေးဖျန်းခြင်း လုပ်ငန်းခွင်သို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် မြို့နယ်ဆရာဝန် ဒေါက်တာခင်မျိုးလတ်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြပြီး မြို့နယ်ကျန်းမာရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးသာနို့အောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

၂၀၀၈-၂၀၀၉ ခုနှစ် အနေးယာဉ် လိုင်စင်လဲလှယ်ခြင်းလုပ်ငန်းကို ဒုတိယဦးစီးမှူး(စည်းကမ်း)နှင့် ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက စနစ်တကျ ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

အမည်ပြောင်း

ကျွန်မ ဒေါ်ချိုချို (ခ) ဒေါ်ခင်ခင်လွင် ၁၂/ဥကတ(နိုင်) ၁၀၃၅၅၄ အား ယနေ့မှစ၍ ဒေါ်တင်တင်ညွန့်ဟု ပြောင်းလဲခေါ်ပါရန်။

ဒေါ်တင်တင်ညွန့်။

မိခင်အမည်မှန်

ဗန်းမော်မြို့ အထက(၁) စတုတ္ထတန်း(A)မှ မနန်းယဉ်ယဉ်ထွန်းနှင့် ပထမတန်း(A)မှ မသဲဖြူဖြူထွန်းတို့၏ မိခင်အမည်မှန်မှာ ဒေါ်တင်သိန်း ၁/ဗမန(နိုင်)၀၂၃၃၃၆ ဖြစ်ပါသည်။

AUNG Car Rental

PAJERO သီးသန့်

(မြို့တွင်း/မြို့ပြင်)

လချုပ်ငှားရန်ရှိသည်

ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။

ဖုန်း-၀၉-၅၀-၁၂၁၈၀၊ ၀၉-၅၁-၉၃၀၈၆။

အမည်မှန်

ကျိုင်းတုံမြို့ အမှတ်(၄)ရပ်ကွက်နေ အဖဦးယာလန်၏ သမီး မအားမီ(ခ) မစမ်းစမ်းဦး၏ အမည်မှန်မှာ မအားမီ(ခ) မစန်းစန်းဦး ဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၆-၆-၁၉၈၉ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

အထက(၂)အင်းစိန် တက္ကသိုလ်ဝင်တန်း(I)မှ မောင်ဇင်ကိုဦး၏ ဖခင်အမည်မှန်မှာ ဦးမျိုးသိန်း ဖြစ်ပါကြောင်း။ **ဦးမျိုးသိန်း ၁၂/အစန(နိုင်)၀၀၆၄၆၁။**

ဆိုင်ခန်းရောင်းမည်

အဆင့်မြင့် မင်္ဂလာဈေး

၅ ပေ x ၅ ပေ တတိယထပ်

အလူမီနီယံဆွဲတံခါးတပ်ပြီး။

ဖုန်း-၅၄၈၃၇၉။

ကန့်ကွက်နိုင်ပါသည်

မော်တော်ဆိုင်ကယ်အမှတ် မက/၆၄၉၀ Gaobo 110 လက်ဝယ်ရှိသူ ဒေါ်တိုးရီ ၈/ပခက(နိုင်)၀၀၀၈၅၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (ပခုက္ကူ)။**

နှစ်(၃၀)ပြည့်ပုလဲရတုမင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးအောင်မြသိန်းနှင့် ချစ်မေမေ ဒေါ်ဆွေဆွေတင်(ခ)မထာ(မြန်မာ့တံခွန်ဘက်ထရီဆိုင်)တို့၏ ၂၇-၆-၂၀၀၈ ရက်တွင် ကျရောက်သော နှစ်(၃၀)ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သားသမီးများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ သာသနာအကျိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

သမီးကြီး-နှင်းဝတ်ရည်အောင်

သမီးငယ်-လင်းလဲ့ရည်အောင်

သားငယ်-ထူးပြည့်ဖြိုးအောင်။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ ထည့်သွင်းနိုင်

ရန်ကုန် ဇွန် ၂၆

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှုလွယ်ကူစေရန်အတွက် လက်ရှိ **အမှတ်၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄၃၌** ကြော်ငြာများ နေ့စဉ် လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇**တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

နေပြည်တော် ပျဉ်းမနား ရွာကောက်မြို့သစ်ရပ်ကွက် ဘိုးတော်အောင်မင်းခေါင် ငြိမ်းချမ်းရေးစေတီရင်ပြင်၌ ရွှေကုက္ကားကျောင်းဆရာတော် ဦးစန္ဒဝံသကြီးမှူးကျင်းပသော ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ စာအောင်ဆုနှင့် ဝတ်ရွတ်စဉ် အာဂုံဆောင် ဆုပေးပွဲကို မေ၂ရက်က ကျင်းပရာ မဖြူစင်ထားမှ ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲ ပထမဆု၊ ဓမ္မစကြာ၊ ပဋ္ဌာန်း၊ ပရိတ်သုံးသုတ်၊ မဟာသမယသုတ် အာဂုံဆောင် ပထမဆုရသဖြင့် ရွှေကုက္ကားကျောင်း ဆရာတော်က ဆုချီးမြှင့်တော်မူစဉ်။ (က-ပ)

ချို့တဲ့နွမ်းပါး မျက်စိဝေဒနာရှင်များအား လှိုင်ကော်မြို့၌ အခမဲ့ခွဲစိတ်ကုသပေး

လှိုင်ကော် ဇွန် ၂၃

ပိစပ်ကိုပထမဆုံးဖြန့်ဖြူးသော ဦးတင်ငွေနှင့် ရာမညအသင်း(ကယားပြည်နယ်)၏ ဒုတိယအကြိမ်မြောက် ချို့တဲ့နွမ်းပါး၍ ဆေးကုသမှုမပြုနိုင်သည့် မျက်စိဝေဒနာရှင်များအား ဇွန် ၁၆ရက် နံနက် ၉နာရီက လှိုင်ကော်မြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးရှိ မျက်စိကုသဆောင်၌ အခမဲ့ခွဲစိတ်ကုသပေးသည်။

လှူဒါန်းနိုင်

ဆေးကုသမှုကို စာရေးဆရာကြီး ဦးသာဂဒိုးက အလှူငွေကျပ် ၁၁၆၀၀၀၊ ဦးစိုးဝင်း၏သား ဆန်းသူရိန်ဆေးတိုက်က ငွေကျပ် ၁၀၀၀၀၀ နှင့် စေတနာရှင် ပြည်သူများနှင့် ရာမညအသင်း ရန်ပုံငွေတို့ဖြင့် မျက်စိဝေဒနာရှင် ၁၇ဦးတို့အား ကုသပေးခဲ့ပြီး အလှူငွေများကို ဦးတင်ငွေ ဖုန်း-၀၈၃-၂၁၂၀၉သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်နိုင်ရန်အတွက် ခြံအမှတ် ၆၈ ဆရာစံလမ်းမကြီး ဗဟန်းမြို့နယ်နေ ဒေါ်ကြည်ကြည်လှိုင်နှင့် သားသမီး၊ မြေးတစ်စုက အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များ ဖြစ်သော ဦးခင်မောင်အေး(အလှည့်ကျသဘာပတိ)၊ ဦးလှမင်း၊ ဦးစောကြိုင်နှင့် ဦးမြသိန်းတို့က လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးအား နမ့်ခမ်း၌ ဂုဏ်ပြုပူဇော်

နမ့်ခမ်း ဇွန် ၂၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် ၂၀၀၈ ခုနှစ်၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ရရှိတော်မူကြသည့် မဟာစည်ကမ္မဋ္ဌာန်းကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တသူရိယ(မဟာကမ္မဋ္ဌာနာစရိယ)နှင့် သာသနာ့ဝိပုလပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသီဟဝံသ(ဂန္ထဝါစကပဏ္ဍိတ)တို့အား ဂုဏ်ပြုပူဇော်ပွဲကို ဇွန် ၁၈ ရက် နံနက် ၉ နာရီက နမ့်ခမ်းမြို့ မြို့လယ်ဘုရားကျောင်း၌ ကျင်းပသည်။

ကြည်ညို

အခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်များ၊ ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်သာသနာ့နုဂ္ဂဟအဖွဲ့၊ ဝတ်ရွတ်အဖွဲ့များ၊ အလှူရှင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြည်ညိုကြသည်။

တရားနာယူ

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ဆရာတော်နှစ်ပါး၏ ထေရုပ္ပတ္တိကိုလည်းကောင်း၊ သာသနာရေးဆိုင်ရာဆောင်ရွက်ချက်များကိုလည်းကောင်း၊ ရှစ်လုံးဘွဲ့ကဗျာ၊ ရတုပိုဒ်စုံတို့ဖြင့်လည်းကောင်း ရွတ်ဆိုဂုဏ်ပြုပူဇော်ကြပြီး လှူဖွယ်ပစ္စည်းများကို ဆရာတော်များထံ ဆက်ကပ်လှူဒါန်းကြကာ ဆရာတော်ဘဒ္ဒန္တသူရိယ(မဟာကမ္မဋ္ဌာနာစရိယ)ထံမှ အနုမောဒနာတရား နာယူကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖလမ်း၌ စာကြည့်တိုက်များရှင်သန်ရေး အရှိန်အဟုန်မပျက် တိုးမြှင့်ဆောင်ရွက်

ဟားခါး ဇွန် ၂၂

ချင်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့်သည် ဇွန်၁၁ရက်နံနက်ပိုင်းက ဖလမ်းခရိုင်ဦးစီးအရာရှိ ဦးမန်းစိန်နှင့်အတူ ဖလမ်းမြို့နယ်ရုံးစာကြည့်တိုက်လုပ်ငန်းဆောင်ရွက်မှုကိုလည်းကောင်း၊ ကြောင်ဟဲမ်းကျေးရွာ(ကွန်ကိပ်) ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံကာ စာကြည့်တိုက်နှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနားကျင်းပရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူးသည် ဇွန် ၁၃ ရက် မွန်းလွဲပိုင်းက တီးတိန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဒိုင်ခန့်ဒိမ်နှင့်အတူ တီးတိန်မြို့မှ ရပ်ကွက် စေတနာစွမ်းအား ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အမှုဆောင်ကော်မတီများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် မြို့နယ် ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်နိုင်ရေး အရှိန်အဟုန်မပျက် တိုးမြှင့်ဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။ (ပြည်နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော ကြက်သကိုင်ကျေးရွာ မြေသားလမ်း လုပ်ဆောင်မှုကို မေ ၂၅ရက်က အမှုဆောင်အရာရှိဦးသန်းဦး ကွင်းဆင်းကြီးကြပ်စစ်ဆေးရာ လုပ်ငန်းတာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဦးကျော်မင်းသန့်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စာဖတ်ရှိန် မြင့်မားရေး ရွှေဘို၌ ဟောပြော ဆွေးနွေး

ရွှေဘို ဇွန် ၂၀

စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းသည် ရွှေဘိုခရိုင်ဦးစီးအရာရှိ ဦးမျိုးဝေလိုက်ပါလျက် ဇွန် ၁၀ရက်က ရွှေဘိုမြို့နယ်ရှိ ပလိုင်းကျေးရွာနှင့် ကွမ်ဆိပ်ကျေးရွာများသို့ လည်းကောင်း၊ ဇွန်၁၁ရက်က ဝက်လက်မြို့နယ်အတွင်းရှိ ပင်းဇင်းကျေးရွာနှင့် စိုင်နိုင်လေးကျေးရွာများသို့လည်းကောင်း သွားရောက်၍ ကျေးရွာပြည်သူများနှင့် တွေ့ဆုံကာ ကျေးရွာ စာဖတ်ရှိန် မြင့်မားရေးနှင့် စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေးတို့ကို ဟောပြော ဆွေးနွေးရှင်းလင်းကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တိုက်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခရိုင်ချင်းဆက်လမ်းအမှတ်(၁)ပေါ်ရှိ တိုက်ကြီးချောင်းသစ်သားတံတား ဆေးသုတ်ပြုပြင်နေမှုကို ဇွန်၁၇ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝင်းမင်းကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

27-6 (16).pmd 1 6/27/2008, 2:15 AM

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

✳ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

✳ လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သော သဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစား ပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	**ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်**
ဒုတိယရုံးအဖွဲ့မှူး	**ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။**

မော်လမြိုင်ကျွန်းမြို့နယ်မှ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးအသိပညာပေး ဆွေးနွေးဟောပြော

ရန်ကုန် ဇွန် ၂၆

မော်လမြိုင်ကျွန်းတစ်ဖက်ကမ်း မြို့မအရှေ့ရပ်ကွက် တုံးလုံ့ရပ်ရှိ လေဘေးသင့်ပြည်သူများအား မော်လမြိုင်ကျွန်းမြို့နယ် ကျန်းမာရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ကျန်းမာရေးအသိပညာပေး ဆွေးနွေးဟောပြောပွဲကို ဇွန် ၂၂ ရက် မွန်းလွဲ ၂ နာရီက မော်လမြိုင်ကျွန်းမြို့ မြို့မအရှေ့ရပ်ကွက် မူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

တက်ရောက်

ယင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲသို့ မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ရပ်ကွက်အတွင်းရှိ လေဘေးသင့်ပြည်သူများ ၁၁၀၀ ကျော်တို့ တက်ရောက်ကြသည်။

လေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲတွင် ပဲခူးတိုင်းကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဇော်ဝမ်းက သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာကိုလည်းကောင်း၊ မွန်ပြည်နယ်ဒေသဆိုင်ရာ ပိုလီယိုအရာရှိ ဒေါက်တာရဲသူဟန်က ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော တိုးချဲ့ကာကွယ်ဆေးထိုးခြင်းအကြောင်းကို လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ဆရာဝန်ကြီး (ခုခံအားကျ/ကာလသား) ဒေါက်တာမြင့်ကျော်က ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေး အကြောင်းကိုလည်းကောင်း ဆွေးနွေးဟောပြောကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ကျောင်းသုံးစာအုပ်၊ လွယ်အိတ်၊ ခဲတံ၊ ရေဘူးနှင့် နို့မှုန့်ထုပ်များကို မူလတန်းလွန်ကျောင်းသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**